# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၂၇၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်အား ကျော်လွန်၍ အိမ်ရာချေးငွေ (Housing Loan) ထုတ်ချေးထားသည့် ပုဂ္ဂလိကဘဏ်များအား အရေးယူဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁

နိုင်ငံတော်အနေဖြင့် ပြည်တွင်းစီးပွားရေး တည်ငြိမ်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပုဂ္ဂလိကဘဏ်များ၏ ချေးငွေဝန်ဆောင်မှု ပုံစံအသစ်ပေးရန်နှင့် ပြည်သူများအတွက် အိမ်ရာပိုင်ဆိုင်မှု အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာစေရန်အတွက် ချေးငွေသက်တမ်း(၃)နှစ်ထက်ပိုသော အိမ်ရာချေးငွေများ ထုတ်ချေးခြင်းကို စုစုပေါင်း ဘဏ်ချေးငွေအပေါ်မူတည်၍ ထုတ်ချေးခွင့်ပြုလျက်ရှိသည်။

သို့ရာတွင် အချို့သော ပုဂ္ဂလိကဘဏ်များအနေဖြင့် ၎င်းတို့အကျိုးအမြတ် ပိုမိုရရှိစေရေးအတွက် ဗဟိုဘဏ်၏ ညွှန်ကြားချက်အား ကျော်လွန်ဖောက်ဖျက်ကာ အိမ်ရာချေးငွေများအား များပြားစွာ ထုတ်ချေးလျက်ရှိကြောင်း သိရှိရသဖြင့် ပုဂ္ဂလိကဘဏ်များအား လိုအပ်သောစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။ ထိုသို့စစ်ဆေးခဲ့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်အား


*စာမျက်နှာ ၄ ကော်လံ ၁* ❑




## မွန်ပြည်နယ်အတွင်း ပြည်တွင်းပြည်ပ ဧည့်သည် ၉၀၀၀၀၀ ကျော် လာရောက်လည်ပတ်

မော်လမြိုင် ဇူလိုင် ၁

မွန်ပြည်နယ်တွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ ၉၀၀၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ပြီး ယခင်နှစ်ထက် ၆၁ ရာခိုင်နှုန်း တိုးတက်ခဲ့ရာ ပြည်ပခရီးသွားများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့မှ အများဆုံး ဝင်ရောက်ခဲ့သည်။


*စာမျက်နှာ ၄ ကော်လံ ၃* ✪


## ရေထွက်ပစ္စည်းတင်သွင်းခွင့် ယာယီပိတ်ထားမှုကို ထိုင်းနိုင်ငံဘက်က အကန့်အသတ်မရှိရွှေ့ဆိုင်း



ထိုင်းနိုင်ငံဘက်သို့ မြန်မာနိုင်ငံမှငါးများ စုစည်းတင်ပို့ရာ မြိတ်မြို့ ငါးလေလံဈေးကြီး။

မြိတ် ဇူလိုင် ၁

တနင်္သာရီတိုင်းဒေသကြီးမှ ရေထွက်ကုန်ပစ္စည်း ၁၀ မျိုးကို ထိုင်းနိုင်ငံဘက်သို့ တင်သွင်းခွင့် ယာယီပိတ်ထားမှုကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ဆွေးနွေးမှုအရ ထိုင်းနိုင်ငံဘက်က အကန့်အသတ်မရှိ ပြန်လည်ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့်ရက်ပိုင်းက မြန်မာနိုင်ငံဘက်မှ ထိုင်းနိုင်ငံဘက်သို့


*စာမျက်နှာ ၄ ကော်လံ ၃* ❖



**ယနေ့ ဖတ်စရာ**

စစ်ဘောင်ချဲ့ပြီး နိုင်ငံရေးဘောင်ကျဉ်းအောင် လုပ်နေသူတွေကြောင့် — ဆောင်းပါး — စာ ၁၀

ကမ္ဘောဒီးယား၌ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ရောဝတီလင်းပိုင် ၁၀၅ ကောင်ခန့်အထိရှိလာ — နိုင်ငံတကာသတင်း — စာ ၁၃

ရွှေဘိုဈေးကွက်၌ နှမ်းနက်ဈေးနှုန်း ကောင်းမွန်ပြီး အရောင်းအဝယ်ဖြစ် — စီးပွားရေးသတင်းများ — စာ ၁၆

မြန်မာ့အလင်း

# သတိပြု၍ ကြိုတင်ပြင်ဆင်ကာကွယ် ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ်

ဧရာဝတီမြစ်ညာ မြစ်ဝှမ်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇွန်လ ၃၀ ရက်မှစကာ ဧရာဝတီမြစ်ရေမြင့်တက်လာပြီး ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားမြို့ အနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ မြစ်ရေဝင်ရောက်နေသည့် ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ ကူညီကယ်ဆယ်ရေးတွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်ဆောင်ရွက်နေကြောင်း သတင်းဖော်ပြချက်များ တွေ့ရှိရပြီး စိုးရိမ်ရေမှတ်အထက်ရောက်ရှိနေသည့် မြစ်ရေမှာ နောက် ၄၈ နာရီအတွင်း ဆက်လက်မြင့်တက်နိုင်ကြောင်းလည်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးရွာသွန်းမှုများပြားခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရေကြီးရေလျှံမှုများမှာ မြန်မာနိုင်ငံတွင် မိုးရာသီရောက်တိုင်း နှစ်စဉ်ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်တစ်ခု ဖြစ်လာသည်မှာ ဆယ်စုနှစ်တစ်ခုနီးပါး ရောက်ရှိလာပြီဖြစ်သည်။ တောင်ကျချောင်းရေလျှံခြင်းနှင့် မြစ်ရေကြီးခြင်းတို့ အပါအဝင် သဘာဝဘေးအန္တရာယ်များမှာ ဖြစ်ပေါ်မလာစေရန် တားဆီး၍မရစေကာမူ ကြိုတင်ကာကွယ်မှုဖြင့် ဘေးဒုက္ခသက်သာလျော့ပါးစေရန် ပြုလုပ်နိုင်သည်။ မိမိနေထိုင်ရာ နေရာသည် မိုးအများအပြား ရွာသွန်းမှုဖြစ်ပေါ်ပါက မြေပြို၊ တောင်ပြိုမည့် အန္တရာယ်၊ တောင်ကျချောင်းရေ ကျဆင်းတိုက်စားမည့် အန္တရာယ်၊ မြစ်ရေဝင်ရောက်မည့် အန္တရာယ်တို့ ဖြစ်ပေါ်နိုင်ခြင်း ရှိ မရှိ ပထဝီအနေအထားအရ ကြိုတင်မှန်းဆကာ အန္တရာယ်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများကို ကြိုတင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို ရယူနိုင်ခြင်းသည် အရေးကြီးဆုံးအချက်ဖြစ်သည်။ အထူးသဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးနေသည့် မိုးလေဝသနှင့် မြစ်ရေဆိုင်ရာ သတင်းထုတ်ပြန်ချက်များကို စဉ်ဆက်မပြတ် သိရှိနေရန်လိုသည်။ ထို့အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (EOC) ကလည်း နိုင်ငံတကာ ဝက်ဘ်ဆိုက်များတွင် စောင့်ကြည့်လေ့လာ၍ မိုးရွာသွန်းမှု အခြေအနေများ၊ မြစ်ရေအခြေအနေများကို ပြည်သူများအား အသိပေးလျက်ရှိသည်။ ပင်မမီဒီယာကြီးများနှင့် ဆိုရှယ်မီဒီယာများမှတစ်ဆင့် စဉ်ဆက်မပြတ် ထုတ်ပြန်အသိပေးလျက်ရှိသည့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာမည့် ဒုက္ခများမှ ရှောင်လွှဲနိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ တောင်ကျရေများကျဆင်းခြင်းနှင့် မြစ်ရေကြီးခြင်းတို့က မကြာမီ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ချင်းတွင်းနှင့် ဧရာဝတီမြစ်ဝှမ်းဒေသများဖြစ်သည့် စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာမည့် ပဏာမအစပျိုးခြင်းဖြစ်သည်။ ရက်အနည်းငယ်အတွင်း ဖြစ်ပေါ်လာမည့် ရေဘေးအန္တရာယ်ကို နှစ်စဉ်အတွေ့အကြုံများနှင့်အညီ ကြိုတင်ပြင်ဆင်ကြရတော့မည်ဖြစ်ရာ မြစ်ကမ်းအနီးအနားနေထိုင်ကြသူများ၊ အနိမ့်ပိုင်းရပ်ကွက်၊ ကျေးရွာများ နှစ်စဉ်ရေဝင်ရောက်သည့်နေရာများတွင် နေထိုင်ကြသူများအနေဖြင့် မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးနေသည့် မိုးလေဝသနှင့် ဇလဗေဒသတင်းထုတ်ပြန်ချက်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုတင်သတိပေးမှုများကို အထူးဂရုပြုလိုက်နာဆောင်ရွက်ခြင်းဖြင့် ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် ရေဘေးအန္တရာယ်မှ ကင်းဝေးနိုင်ကြပါစေကြောင်း။ ။




## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
သတင်းထုတ်ပြန်ချက်
၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ ပါတီဆက်လက်တည်ထောင် မှတ်ပုံတင်ပေးပါရန် **ရခိုင်အမျိုးသားပါတီ (Arakan National Party)** ၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေး အမှတ်စဉ် (၁၁/၂၀၂၄) ဆုံးဖြတ်ချက်အရ ယင်းပါတီ၏ ပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေပါ ပုံစံ(ဆ)ဖြင့် ငြင်းပယ်လိုက်ကြောင်းနှင့် ပါတီဆက်လက် တည်ထောင်မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁**
မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ဓားပြတိုက်၊ သတ်ဖြတ်၊ ပြန်ပေးဆွဲ လုပ်ရပ်များနဲ့ မစ္ဆရိယအမှောင်ဖုံးနေတဲ့ အကြမ်းဖက်သမားများရဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁နာရီတွင် **"လက်နက်ကိုင်သောင်းကျန်းသူများနှင့် မူးယစ်ဆေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း၊ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး

**ကော့ကရိတ် ဇူလိုင် ၁**
အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား အထွေထွေဗဟုသုတများနှင့် ဥပဒေဆိုင်ရာအကြောင်းအရာများ နားလည်သဘောပေါက်နိုင်စေရေးအတွက် ဥပဒေအသိပညာပေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကရင်ပြည်နယ် ကော့ကရိတ်မြို့ အ.ထ.က (၁) ၌ ကျင်းပသည်။



အသိပညာပေးဟောပြောပွဲ၌ မြို့နယ်ပညာရေးမှူးက အမှာစကားပြောကြားပြီး ဒုတိယခရိုင်ဥပဒေအရာရှိက ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ သိမှတ်ဖွယ်ဥပဒေအကြောင်းအရာများနှင့် မြို့မရဲစခန်းမှူးက လူကုန်ကူးခံရနိုင်မှုနှင့်ပတ်သက်၍ အခြေခံအကြောင်းအရာများ၊ ဥပဒေဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များကို ဟောပြောကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ "ပေါ့ပါးဝတ်ဆင်၊ ယဉ်ကျေးအသွင်" ခေါင်းစဉ်ဖြင့် နာမည်ကျော်ဝတ်စုံဒီဇိုင်နာများ ဖန်တီးဆန်းသစ်ထားသော ဝတ်စုံများ ဝတ်စားဆင်ယင်ပြသမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု "ခေတ်ပြိုင်ဆင်ယင်၊ ယဉ်ကျေးအသွင်၊ တင့်တယ်ခြယ်သ၊ မြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ" သို့ တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၁

"ခေတ်ပြိုင်ဆင်ယင်၊ ယဉ်ကျေးအသွင်၊ တင့်တယ်ခြယ်သ၊ မြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ" ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်အားပေးသည်။

၂၀၂၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကကြီးမှူးပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အဆိုပါဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲကို စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများဖြစ်သည့် ဒေါ်ခင်သက်ဌေး၊ ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ဇနီး၊ တွဲဖက်အတွင်းရေးမှူး၏ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၏ ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၏ ဇနီးများ၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ အမျိုးသမီးအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်၊ အခွန် အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၏ ဇနီး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌ၏ ဇနီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံကျော် အနုပညာရှင်များ၊ အဆိုတော်များ၊ ဒီဇိုင်နာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ဖျော်ဖြေတင်ဆက်

အခမ်းအနားတွင် "မြန်မာအမျိုးသမီးများနေ့" တေးသီချင်း၊ "ပေါ့ပါးဝတ်ဆင်၊ ယဉ်ကျေးအသွင်" ခေါင်းစဉ်ဖြင့် နာမည်ကျော်ဝတ်စုံဒီဇိုင်နာများ ဖန်တီးဆန်းသစ်ထားသော ဝတ်စုံများ ဝတ်စားဆင်ယင်ပြသမှု၊ "ပြည်ထောင်စုကြီး ထာဝရတည်တံ့စေသား" တေးသီချင်း၊ တိုင်းရင်းသားသီချင်းများအပါအဝင် နိုင်ငံကျော်အဆိုတော်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် "ပြည်ထောင်စုကြီးတို့ရဲ့မြန်မာ" သီချင်း၊ နာမည်ကျော် ဒီဇိုင်နာတို့၏ ဖန်တီးမှုလက်ရာများဖြင့် "ရှုမငြီးစွဲမက်၊ ပိုးမင်းကြီး ပွဲတက်" ဝတ်စားဆင်ယင်ပြသမှုနှင့် တေးသီချင်းများ၊ တစ်ခန်းရပ်ပြဇာတ်များကို တင်ဆက်ပြသကြသည်။

## ဂုဏ်ပြုပန်းစည်းချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယကများက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဂုဏ်ပြုပန်းစည်းချီးမြှင့်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌတို့က လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ ဇနီးနှင့် တွဲဖက်အတွင်းရေးမှူး၏ ဇနီးတို့က ဖျော်ဖြေတင်ဆက်ပေးကြသော အနုပညာရှင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ စီစဉ်သူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အတွင်းရေးမှူးကိုလည်းကောင်း ဂုဏ်ပြုပန်းစည်း ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင် နာယကများ၊ တာဝန်ရှိသူများက အနုပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင် နာယကများဖြစ်သည့် ဒေါ်ခင်သက်ဌေး၊ ဒေါ်သန်းသန်းနွယ်တို့က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဂုဏ်ပြုပန်းစည်း ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ ဇနီး ဒေါ်ဥမ္မာမြင့် အကယ်ဒမီ စိုးမြတ်သူဇာနှင့် အကယ်ဒမီ ဝါဝါအောင်တို့အား ဂုဏ်ပြုပန်းစည်း ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး၏ ဇနီး ဒေါ်နီလာ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသီချင်းကို ရေးစပ်ပေးသော ဝင်းမော်(ရွှေသံစဉ်)အား ဂုဏ်ပြုပန်းစည်း ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပွဲစီစဉ်သူ မြန်မာနိုင်ငံ အမျိုးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်မြတ်မြတ်ဦးအား ဂုဏ်ပြုပန်းစည်း ပေးအပ်ချီးမြှင့်စဉ်။

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် (၇၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် ထူးချွန်ဝန်ထမ်းများ၊ တက္ကသိုလ်ဝင်တန်းအောင် ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁

မြန်မာနိုင်ငံတော် ဗဟိုဘဏ် (၇၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ထူးချွန်ဝန်ထမ်းများ၊ ၂၀၂၃-၂၀၂၄ တက္ကသိုလ်ဝင်တန်းအောင်ဝန်ထမ်း သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ်အတွက် ထောက်ပံ့ကြေး ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးလှထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ(ငြိမ်း)များ၊ ဒုတိယဥက္ကဋ္ဌ(ငြိမ်း)များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းဟောင်းများ၊ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်များ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာထမ်း၊ အမှုထမ်းများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြော**

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း)ဦးလှထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ (ငြိမ်း) ဦးကြည်အေးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့က ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့ပြင် (၇၂) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက ၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ် ဝန်ထမ်းသားသမီးများ၏ ပညာသင် ထောက်ပံ့ကြေးငွေများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဝန်ထမ်းဟောင်းများ အသင်းသို့ ထောက်ပံ့ လှူဒါန်းငွေများကို တာဝန်ရှိသူများထံ ပေးအပ်ပြီး တာဝန်ရှိသူများက ထူးချွန်ဝန်ထမ်းများနှင့် အခမ်းအနားဖြစ်မြောက်ရေးအတွက် ကူညီခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

ကျော်လွန်၍ အိမ်ရာချေးငွေ ထုတ်ချေးထားသည့် အောက်ပါ ပုဂ္ဂလိကဘဏ် ၇ ခုအား စိစစ်တွေ့ရှိရပါသည်-

(က) ရိုးမဘဏ်မှ ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၁၁ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(ခ) မြန်မာနိုင်ငံသားများဘဏ်မှ ဗဟိုဘဏ်သတ်မှတ် ရာခိုင်နှုန်းထက် ၈.၉၄ ရာခိုင်နှုန်းအား ကျော်လွန် ထုတ်ချေးထားကြောင်း။

(ဂ) ဧရာဝတီဘဏ်မှ ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်း ထက် ၁.၉၆ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေး ထားကြောင်း။

(ဃ) အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်မှ ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၁.၀၁ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(င) ယူအေဘီဘဏ်မှ ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်း ထက် ၃.၃၈ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေး ထားကြောင်း။

(စ) မြန်မာမက်ထရိုဘဏ်မှ ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်း ထက် ၀.၃၉ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေး ထားကြောင်း။

(ဆ) ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်မှ ဗဟိုဘဏ်သတ်မှတ် ရာခိုင်နှုန်း ထက် ၁၆.၃၄ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေး ထားကြောင်း။

အဆိုပါဘဏ်များမှ ကျော်လွန်ထုတ်ချေးထားသည့် ချေးငွေများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသော အိမ်ရာချေးငွေနှင့်ပတ်သက်သည့် သတ်မှတ်ချက်အတိုင်း သတ်မှတ်ထားသော ကာလအတွင်း ပြန်လည်ရောက်ရှိစေရေးအတွက် တာဝန်ရှိသူများမှ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး သတ်မှတ်ချက်အား ကျော်လွန်ဖောက်ဖျက် ဆောင်ရွက်ခဲ့သည့် ပုဂ္ဂလိကဘဏ် ၇ ခုမှ တာဝန်ရှိသူများကိုလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

သတ်မှတ်ချက်အား ကျော်လွန်ထုတ်ချေးထားသည့် ချေးငွေများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၅၄ အရ ဥပဒေနှင့်အညီ ထိရောက်သော ဒဏ်ကြေးပေးဆောင်စေမည်ဖြစ်ပြီး ပုဂ္ဂလိကဘဏ်များအား စစ်ဆေးကြီးကြပ်ကွပ်ကဲရန် အားနည်းခဲ့သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများအားလည်း စိစစ်ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## ဥတုရာသီ တောကိုမှီ၍

✪ *ရှေ့ဖုံးမှ*

မွန်ပြည်နယ်တွင် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဟိုတယ်လုပ်ငန်း လိုင်စင်များ၊ ခရီးစဉ်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ၊ လအလိုက်ရာသီပွဲတော်များ၊ ခရီးသွားမြှင့်တင်ရေးနှင့် ခရီးစဉ်ဒေသအသစ်များကို ဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များ အများဆုံးဝင်ရောက်လည်ပတ်သည့် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်၊ ကျိုက်သလံစေတီတော်၊ တောင်ဝိုင်းတောင် ၊ ကျိုက္ခမီရေလယ်ဘုရား၊ အတောင် (၄၀၀)ပြည့် လျောင်းတော်မူဘုရားကြီး (ဝင်းစိန်တောရ)၊ စက်စဲကမ်းခြေ၊ ဇင်းကျိုက်ရေတံခွန်၊ ဆင်ရွာရေတံခွန် စသည့်နေရာတို့တွင် ခရီးသွားဧည့်သည်များ အများဆုံး ဝင်ရောက်လည်ပတ်ကြသည့် နေရာများဖြစ်ကြောင်း၊ ပွင့်လင်းရာသီမှစ၍ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ မတ်၊ နိုဝင်ဘာလများတွင် ခရီးသွားဧည့်သည်အများဆုံး လာရောက်ကြသည့် လများဖြစ်ကြောင်း၊ ခရီးသွားဧည့်သည်များ တည်းခိုရန်အဆင်ပြေစေရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ဝန်ဆောင်မှုပေးနိုင်ရေး၊ National Level အဆင့် ဆုတံဆိပ်များ ပေးအပ်ခြင်းအပြင် ဟိုတယ်များတွင် ကျန်းမာရေးအဖွဲ့များနှင့်ပူးပေါင်း၍ ဆွေးနွေးပွဲ၊ ဟောပြောပွဲများနှင့် လစဉ်ကွင်းဆင်းစစ်ဆေးခြင်းများကို ပြုလုပ်ပေးလျက်ရှိကြောင်းနှင့် မသန်စွမ်းခရီးသွားဧည့်သည်များ ပါဝင်ပါကလည်း အဆင်ပြေလည်ပတ်နိုင်စေရန် ဆောင်ရွက်ပေးထားကြောင်း ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မွန်ပြည်နယ်တွင် ဟိုတယ်တည်းခိုရိပ်သာ စုစုပေါင်း ၈၉ လုံးရှိ၍ အခန်းပေါင်း ၃၁၅၁ ခန်းရှိသည့်အပြင် တိုးမြှင့်ဖွင့်လှစ်နိုင်မည့် အစီအစဉ်များကိုလည်း တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **အောင်မျိုးသူ (ပြန်/ဆက်)**

❖ *ရှေ့ဖုံးမှ*

တင်သွင်းလျက်ရှိသည့် ရေထွက်ကုန်ပစ္စည်း ၁၀ မျိုး တင်သွင်းခွင့်ကို ဇူလိုင် ၁ ရက်မှစ၍ ဒီဇင်ဘာ ၃၁ ရက်အထိ ယာယီဆိုင်းငံ့လိုက်ကြောင်းကို ပရာကျွတ်ခီရီခံခရိုင် လက်ထောက်ခရိုင်ဝန်က ကြေညာချက် ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက် ထွက်ပေါ်လာပြီးနောက် မြိတ်မြို့သို့ရောက်ရှိနေသည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးအား တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများက ဇွန် ၂၈ ရက်တွင် သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သိရသည်။



မောတောင်-ဆင်းခွန်နယ်စပ်ဂိတ်။

"မောတောင်-ဆင်းခွန်နယ်စပ်ဂိတ်ကနေ ကင်းမွန်၊ ပလာတူး၊ ငါးမဲစတဲ့ ငါးတွေအပါအဝင် ရေထွက်ပစ္စည်း ၁၀ မျိုးကို တင်သွင်းခွင့် ယာယီဆိုင်းငံ့လိုက်ကြောင်း ပရာကျွတ် လက်ထောက်ခရိုင်ဝန်က အစည်းအဝေးဆုံးဖြတ်ချက်အရဆိုပြီး ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။ ဒီလိုဖြစ်စဉ်ကြောင့် မောတောင်ကုန်သွယ်မှု ကျဆင်းသွားနိုင်သလို မြိတ်ခရိုင်အတွင်းက ရေလုပ်ငန်းရှင်တွေ၊ ဒေသခံတံငါသည်တွေနဲ့ အအေးခန်းလုပ်ငန်းတွေအားလုံး ထိခိုက်သွားနိုင်ပြီး ဆက်စပ်နေတဲ့ အလုပ်သမားတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ဆုံးရှုံးသွားနိုင်ပါတယ်။ ဒီဆိုင်းငံ့ချက်ကို ဖြေလျှော့ပေးဖို့ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးကို ဆွေးနွေးခဲ့ရာမှာ ထိုင်းသံအမတ်ကြီးက ထိုင်းနိုင်ငံဘက်က သက်ဆိုင်ရာဌာနတွေကို ပြန်လည်မေးမြန်းခဲ့တယ်။ ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခံခရိုင်လက်ထောက် ခရိုင်ဝန်ကလည်း ယာယီဆိုင်းငံ့မှုကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာချက် ပြန်လည်ထုတ်ပြန်လိုက်ပါတယ်"ဟု အစည်းအဝေးတက်ရောက်ခဲ့သူတစ်ဦးက ပြောကြားသည်။

တနင်္သာရီ တိုင်းဒေသကြီးအတွင်းမှထွက်ရှိသော ရေထွက်ကုန်ပစ္စည်းများဈေးကွက်ကို ထိုင်းနိုင်ငံ ရနောင်းမြို့မှ ချုပ်ကိုင်ထားသည်မှာ ဆယ်စုနှစ်လေးခုခန့် ရှိပြီဖြစ်ကာ ထိုင်းနိုင်ငံဘက်က ရေထွက်ပစ္စည်း ၁၀ မျိုး တင်သွင်းခွင့် ယာယီဆိုင်းငံ့လိုက်သည့် ဆုံးဖြတ်ချက်မှာ မြန်မာ - ထိုင်း နှစ်နိုင်ငံကုန်သွယ်မှုကို လျော့ကျသွားစေနိုင်သလို မြိတ်-ပရာကျွတ်ခီရီခံ မောင်နှမမြို့တော် ချစ်ကြည်ရေးကိုလည်း အလေးထားသင့်ကြောင်း ထိုင်းသံအမတ်ကြီးက ပြောကြားသည်။

မောတောင် - ဆင်းခွန်နယ်စပ်ဂိတ်မှ ရေထွက်ပစ္စည်းတင်ပို့နေသူတစ်ဦးကလည်း "မြိတ်ဒေသက ရေထွက်ပစ္စည်းတွေကို မောတောင်- ဆင်းခွန် နယ်စပ်ဂိတ်ကနေ တင်သွင်းနေတာကို ထိုင်းနိုင်ငံ ရနောင်းမြို့က ငါးအဝယ်ဒိုင်တွေက မနှစ်မြို့ကြဘူး။ ဆင်းခွန်နယ်စပ်ဂိတ်ကနေ တရုတ်၊ ဗီယက်နမ်စတဲ့ဈေးကွက်တွေကို တိုက်ရိုက်တင်ပို့လို့ရတဲ့အတွက် ဈေးကောင်းရပါတယ်။ ဥပမာ ကင်းမွန်တစ်ကီလိုကို ရနောင်းမှာ ရောင်းတာထက် ဆင်းခွန်မှာ ရောင်းရင် ဘတ် ၁၀၀ အထိ ဈေးကွာနေတာ။ အဲဒါကြောင့် ရေထွက်ပစ္စည်းတွေကို မြန်မာဘက်ကနေတင်သွင်းတာ ရပ်ဆိုင်းပေးဖို့ လုပ်ဆောင်တာဖြစ်ပါတယ်။ အခု ပြန်လည်ဖွင့်ပေးမယ်ဆိုတော့ ရေလုပ်ငန်းရှင်တွေ၊ တံငါသည်တွေနဲ့ အလုပ်သမားတွေအတွက်ပါ ပြန်အဆင်ပြေသွားနိုင်တယ်" ဟု ပြောသည်။

ယခုနှစ် ဇွန် ၇ ရက်က ပြုလုပ်ခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်အရ တင်သွင်းခွင့်ဆိုင်းငံ့ခြင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ အဆိုပါထုတ်ပြန်ခြင်းကို ရက်အကန့်အသတ်မရှိ ပြန်လည်ရွှေ့ဆိုင်းလိုက်ပြီ ဖြစ်သည့်အတွက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းမှထွက်ရှိသည့် ရေထွက်ပစ္စည်းများကိုမောတောင်-ဆင်းခွန်နယ်စပ်ဂိတ်မှ ပုံမှန်အတိုင်း ဆက်လက်တင်ပို့နိုင်ပြီဖြစ်သည်။ **မြင့်ဦး(မြိတ်)**

# မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (တတိယအကြိမ်)ကျင်းပ

နေပြည်တော် ဇူလိုင် ၁

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှု စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (တတိယအကြိမ်) ကို ယနေ့နံနက်ပိုင်းက တည်းခိုရေးစခန်း(ရွာတော်)ရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။**



**လက်ခံရရှိပြီးဖြစ်**

အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှု စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရသည့် တစ်ခုတည်းသော ရည်ရွယ်ချက်သည် မဲစာရင်းမှန်ကန်ရေးဖြစ်ကြောင်း၊ မဲစာရင်းမှန်ကန်ရေးသည် လူဦးရေစာရင်းမှန်ကန်ပြည့်စုံမှုအပေါ်တွင် မူတည်နေကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်သည် မြေပြင်ကွင်းဆင်း လူဦးရေစာရင်းကောက်ယူရေး လုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး လူဦးရေစာရင်းများကို စိစစ်ပေးခဲ့ကြောင်း၊ မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေး ဗဟိုကော်မတီမှ အသက် ၁၈ နှစ်ပြည့်ပြီးသည့် လူဦးရေစာရင်းများကို ကော်မရှင်သို့ ပေးပို့လျက်ရှိပြီး လူဦးရေစာရင်း (ပထမမူကြမ်း) နှင့် (ဒုတိယမူကြမ်း) တို့ကို လက်ခံရရှိပြီးဖြစ်ကြောင်း။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်**

စာရင်းများကို မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲခြင်းစနစ် (Admin and DEO Software) နှင့် ဗဟိုမဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ် (CVLMS) တို့ကို အသုံးပြုပြီး မြို့နယ်အလိုက် မဲရုံတစ်ခုချင်းစီအထိ စာရင်းထည့်သွင်းခြင်းကို ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ တတိယမူကြမ်းကို ထပ်မံပေးပို့လာပြီဖြစ်သည့်အတွက် အလားတူစာရင်းထည့်သွင်းရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း၊ နောက်ဆုံး CVLMS ထဲသို့ ရောက်ရှိသွားသည့် စာရင်းများသည် အခြေခံမဲစာရင်းများဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်မှ ပဉ္စမ မြောက်လုပ်ငန်းဖြစ်သည့်လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက် ရှိကြောင်း၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရာ၌ မဲစာရင်းမှန်ကန်ရေး ပြင်ဆင်မှုကို ဦးစားပေးလုပ်ဆောင်နေကြောင်း။

**ကျင်းပသွားမည်**

ရွေးကောက်ပွဲ ကော်မရှင်ဝန်ထမ်းများသည် ရွေးကောက်ပွဲ အတွေ့အကြုံ အတန်အသင့် ရှိကြပြီဖြစ်ကြောင်း၊ သို့သော် လာမည့်အထွေထွေရွေးကောက်ပွဲတွင် တစ်ခါမှ မလုပ်ဖူးသေးသည့် ရွေးကောက်ပွဲစနစ်နှင့် မဲပေးနည်းအသစ် နှစ်ခုလုပ်ရန်ရှိသည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ ကျင့်သုံးနေကျဖြစ်သည့် FPTP စနစ်အပြင် PR စနစ်ကိုပါ အသုံးပြုသွားမည်ဖြစ်၍ မဲလက်မှတ် (Ballot) ဖြင့် မဲထည့်ခြင်းအပြင် အချို့မဲဆန္ဒနယ်များတွင် EVM ဟုခေါ်သည့် အီလက်ထရောနစ်မဲပေးစက်ဖြင့်လည်း မဲပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှဝန်ထမ်းများ တက်ရောက်ကြပြီး ဇူလိုင် ၁ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပန်းတောင်းမြို့နယ်၌ ပဲစင်းငုံသီးသန့်ဧက ၁၅၀ နှင့် သီးညှပ် ၄၇၀၆ ဧက စိုက်ပျိုးသွားမည်

**ပန်းတောင်း ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇွန် ၃၀ ရက် မွန်းလွဲပိုင်းက ပန်းတောင်းမြို့နယ် အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ် မြောင်ရှည်ကျေးရွာ၌ အထွက်နှုန်းကောင်း ရွှေဒင်္ဂါးမျိုး ပဲစင်းငုံ တစ်ကွင်းတစ်ဆက်တည်း သီးသန့် ဧက ၁၅၀ စိုက်ပျိုးမှုကို သွားရောက်ကြည့်ရှုပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ မိုးဦးနှင့် မိုးနှောင်းကာလအတွင်း နှစ်သီးစိုက်ပျိုးသွားရန်နှင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးကောင်းမျိုးသန့်ရှာဖွေပေးရန် တာဝန်ရှိသူများအား မှာကြားသည်။ ၂၀၂၄-၂၀၂၅ စိုက်ပျိုးရာသီတွင် ပန်းတောင်းမြို့နယ်၌ ပဲစင်းငုံသီးသန့်ဧက ၁၅၀ နှင့် သီးညှပ် ၄၇၀၆ ဧက စုစုပေါင်း ၄၈၅၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပန်းတောင်းမြို့နယ် အုတ်ဖိုကျေးရွာသို့ သွားရောက်၍ အုတ်ဖို - ငါးဆယ်ပေးကျေးရွာ ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်နည်းစနစ်နှင့် မျိုးကောင်းမျိုးသန့် ပြောင်းလဲ စိုက်ပျိုးနိုင်ရေးနှင့် ဒေသကြက်ကို စီးပွားဖြစ်မွေးမြူနိုင်ရေး အသိပညာပေးရှင်းလင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပန်းတောင်းမြို့နယ် မကြီးထုံးကျေးရွာသို့ရောက်ရှိပြီး တစ်နှစ်မိုးစပါးတစ်သီးသာ စိုက်ပျိုးနိုင်သည့် လယ်မြေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသရေမြေသဘာဝနှင့်ကိုက်ညီသည့် စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်နှင့် တစ်နှစ်အနည်းဆုံး နှစ်သီးစိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် ပန်းတောင်းမြို့ ပဲကြီးကျေးရွာ ရေဝတီမြစ်ကမ်းပြိုကာကွယ်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းသည် ရေလမ်းကြောင်းကောင်းမွန်စေရေးခြင်းနှင့် နုန်းဖမ်းခြင်းကို အဓိကထားဆောင်ရွက်ခြင်းဖြစ်၍ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး မှာကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပန်းတောင်းမြို့ ရှေးဟောင်းသမိုင်းဝင် ပေါ်တော်မူ (ရှင်ဖြူ) မြတ်စွာဘုရားကြီးအား သွားရောက်ဖူးမြော်ပြီး အဝင်မုခ်ဦးနှင့် ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံနိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဝမ်းတွင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ဝမ်းတွင်း ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ၂၀၂၄ ခုနှစ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့က မြောက်ဖောင်ဂျမ်းကုန်းကျေးရွာ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဝေဟန်ကျော်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟာမန်၊ မိတ္ထီလာခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှူးတို့က ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာခွဲတာဝန်ခံများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများထံ ပျိုးပင်များပေးအပ်ပြီး ဌာနဆိုင်ရာများနှင့်ဝန်ထမ်းများ၊ ပြည်သူများက ပျိုးပင်များကို တပျော်တပါး စိုက်ပျိုးနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး ဝေဟန်ကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ ၂၀၂၄ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်မျိုးများဖြစ်သည့် တမာ ၂၅ ပင်၊ ရင်းမာပင် ၅၀၊ မဲဇလီပင် ၅၀၊ သပြေဘူတ ၂၅ ပင်၊ စိန်ပန်းပင် ၅၀ စုစုပေါင်း သစ်မျိုးသစ်ပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးအသိပညာပေးသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အသိပညာပေးသင်တန်းအမှတ်စဉ်(၁၅) သင်တန်းကို ဇူလိုင် ၁ ရက်က ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ဖွင့်လှစ်ပို့ချသည်။

အခမ်းအနားတွင် ကျောက်တံတားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် အဖိုးတန်သတ္တုရောင်းဝယ်ခြင်းဆိုင်ရာညွှန်ကြားချက်များအကြောင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်လင်းအောင်က ရှင်းလင်းသင်ကြားပို့ချသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းအထူးစုံစမ်းစစ်ဆေးရေးဦးစီးအရာရှိ ဦးနိုင်နိုင်ဦးက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အသိပညာများ သင်ကြားပို့ချကြသည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူ ၇၃ ဦးတို့ကို အသင်းအမှုဆောင်များနှင့် တာဝန်ရှိသူတို့က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကြသည်။ **မျိုးမင်းသူရ**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)များ၊ အဖွဲ့ဝင်များ လာရောက်ဖူးမြော်ကြည်ညို



**နေပြည်တော် ဇူလိုင် ၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ တံတားဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)များ၊ အဖွဲ့ဝင်များ စုစုပေါင်း ၄၃ ဦးတို့သည် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက်ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား လာရောက်ဖူးမြော် ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထား ပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှုဗီဒီယို မှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးလာသည့် အဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းအဆင့်ဆင့်တို့နှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည် ရှင်းလင်းဖြေကြားသည်။ ယင်းနောက် ဘုရားဖူး အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦး လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဘုရားဖူးလာ အဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြသည်။

ထို့နောက် ကျောက်စာရုံ စေတီတော်များနှင့် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ အခြား သာသနိက အဆောက်အဦများကို ဆက်လက်ဖူးမြော် လေ့လာကြည်ညိုခဲ့ကြသည်။ ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၆/၂၀၂၄)

၁။ နိုင်ငံတစ်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုများ ချမှတ်ဆောင်ရွက်ခြင်းသည် အဆိုပါ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍအားလုံးအပေါ် ဆိုးကျိုးသက်ရောက်စေပြီး နိုင်ငံသားများ၏ လူမှုစီးပွား အခွင့်အလမ်းများအတွက် အကန့်အသတ်များလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

၂။ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသောနိုင်ငံများတွင် ဘဏ်များ၏ အခန်းကဏ္ဍသည် အဓိကကျပြီး လူအများ၏ နေ့စဉ်လူမှုစီးပွားဘဝနှင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းပြည်ပ ကုန်သွယ်မှုများတွင် ဘဏ်ဝန်ဆောင်မှုများကို အားထားဆောင်ရွက်ကြရပါသည်။

၃။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၆) ကြိမ်မြောက် အစည်းအဝေး၌ မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ တင်သွင်းခဲ့သည့် အစီရင်ခံစာတွင် အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင် ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့အား အရေးယူပေးရန် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၄။ ဘဏ်များအား ပိတ်ဆို့အရေးယူဆောင်ရွက်ခြင်းသည် ပြည်သူများ၏ စီးပွားရေးအခွင့်အလမ်းများနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိခိုက်နစ်နာမှုများစွာ ဖြစ်ပေါ်စေနိုင်ကြောင်း ကော်မရှင်အနေဖြင့် သုံးသပ်မိပါသည်။

၅။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်တစ်ရပ်ဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် (၁)၊ အပိုဒ်ခွဲ (၂) တွင် "... လူတစ်ဦး၏ အသက်မွေးဝမ်းကျောင်းမှု နည်းလမ်းများကို မည်သည့်အကြောင်းနှင့်မျှ ပိတ်ပင်တားမြစ်ခြင်းမရှိစေရ။" ဟု ပါရှိပါသည်။ စီးပွားရေးပိတ်ဆို့ခြင်းများသည် လူ့အခွင့်အရေး ရှုထောင့်မှ ရှုမြင်ပါက အပြုသဘော မဆောင်သော အကျိုးသက်ရောက်မှုများသာ ဖြစ်ပေါ်စေနိုင်ပြီး လူမှုစီးပွား ဆိုးကျိုးသံသရာ ရှည်ကြာစေနိုင်သည် ဖြစ်၍ ပြည်သူများ၏ အခြေခံအခွင့်အရေးများ ထိခိုက်နစ်နာမှုမရှိစေရေး သက်ဆိုင်သူအားလုံးက အထူးသတိပြုကြရန် လိုအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်**

## အင်းစိန်မြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အကြို စာဖတ်ဝိုင်းကျင်းပ



**ရန်ကုန် ဇူလိုင် ၁**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) စာပေဥယျာဉ်အသင်းနှင့် စာရေးဆရာအသင်းတို့ ပူးပေါင်း၍ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုစာဖတ်ဝိုင်း ဆွေးနွေးပွဲကို ဇွန် ၂၈ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက အမှာစကား ပြောကြားကာ အသင်းနာယကဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)နှင့် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့်-ငှက်ဖျား) တို့က အမှာစကားပြောကြားပြီး စာပေဥယျာဉ်အသင်းနှင့် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) က (၇၇)နှစ်မြောက် အာဇာနည်နေ့ကို ကြိုဆိုသောအားဖြင့် အာဇာနည်နေ့ အထိမ်းအမှတ် စာဖတ်ဝိုင်းကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မြစ်ကြီးနား မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ဘားအံမြို့၌ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အသိပညာပေးဟောပြောပွဲ ကျင်းပ



**ဘားအံ ဇူလိုင် ၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ဘားအံခရိုင် ရုံးခွဲနှင့် ဘားအံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ဘားအံခရိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီ၏ အစီအစဉ်ဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းက အမှိုက်များအား စနစ်တကျခွဲခြား စွန့်ပစ်ခြင်းနှင့် စနစ်တကျ သိမ်းဆည်းခြင်း ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။ အခမ်းအနားသို့ ဘားအံမြို့ပေါ်ရှိ ဟိုတယ်လုပ်ငန်းရှင် ၂၃ ဦး တက်ရောက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာညီလာခံနှင့် (၁၂)ကြိမ်မြောက် နိုင်ငံတကာဥပဒေရေးရာဖိုရမ်တက်ရောက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁**
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌ H.E. Mr. Valery D.Zorkin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ "Protection of Rights and Constitutional Supervision" ခေါင်းစဉ်ဖြင့် ဇွန် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပသည့် နိုင်ငံတကာညီလာခံ (International Conference) နှင့် (၁၂) ကြိမ်မြောက် နိုင်ငံတကာ ဥပဒေရေးရာဖိုရမ် (XII St. Petersburg International Legal Forum)သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါ နိုင်ငံတကာညီလာခံသို့ မြန်မာနိုင်ငံအပါအဝင် အာရှဒေသ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူ အဖွဲ့အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions – AACC) အဖွဲ့ဝင်နိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌနှင့် တရားသူကြီးချုပ်များ၊ အခြားဖိတ်ကြားထားသော ဥပဒေပညာရှင်များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများ တက်ရောက်ခဲ့ကြပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကာကွယ်စောင့်ရှောက်မှု၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ



ပြန်လည်သုံးသပ်ခြင်း စနစ်ကျင့်သုံးမှုများနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားစီရင်ရေး အတွေ့အကြုံတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။**(အပေါ်ပုံ)**

(၁၂)ကြိမ်မြောက် နိုင်ငံတကာ ဥပဒေရေးရာဖိုရမ်သို့ နိုင်ငံပေါင်း ၃၀ မှ တရားသူကြီးချုပ်များ၊ ဥပဒေရေးရာဝန်ကြီးများ၊ တရားသူကြီးများနှင့် ဥပဒေပညာရှင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ နိုင်ငံတကာညီလာခံနှင့် (၁၂) ကြိမ်မြောက် နိုင်ငံတကာ ဥပဒေရေးရာဖိုရမ်သို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့်အတူ အဖွဲ့ဝင် ဦးခင်မောင်ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စတုတ္ထအကြိမ်မြောက် ဟိမဝန္တာတောင်တန်းများဒေသ နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် ဇူလိုင် ၁**
စတုတ္ထအကြိမ်မြောက် တရုတ်နိုင်ငံ ရှီးကျန်းဒေသ၏ ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် (4th China Xizang Trans-Himalaya Forum for International Cooperation)သို့ တက်ရောက်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ညန်ချီမြို့သို့ ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယခုကျင်းပမည့်ဖိုရမ်ကို ဇူလိုင် ၃ ရက်မှ ၅ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ညန်ချီမြို့၌ ကျင်းပမည်ဖြစ်ပြီး ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ လူသားများနှင့် သဘာဝတရားအကြား သဟဇာတဖြစ်သော ဖွံ့ဖြိုးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု စသည့် ကဏ္ဍ သုံးခုကို ချိတ်ဆက်ပေးရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်းနှင့် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ကိုယ်စားလှယ် စုစုပေါင်း ၃၀၀ တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးဌာန ရှာဖွေကယ်ဆယ်ခြင်းသရုပ်ပြပွဲကျင်းပ

**ပြင်ဦးလွင် ဇူလိုင် ၁**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၆) အ.ထ.က(၂) စာသင်ကျောင်းအတွင်း ပြင်ဦးလွင်ခရိုင်မီးသတ်ဦးစီးဌာနမှ အခန်းအတွင်း ပိတ်မိနေသော လူနာအား ရှာဖွေကယ်ဆယ်ခြင်းနှင့် ယာဉ်တိုက်မှုမှ လူနာအား ကယ်ဆယ်သရုပ်ပြသမှု အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်လွင်၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သွဲ့သွဲ့လင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့်ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။



ထိုသို့ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသရာတွင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များမှ ပိတ်မိနေသော လူနာအား ကယ်ဆယ်ရန်အတွက် B.A Set (ခေါ်) Breathing Appratus (အသက်ရှူကိရိယာ) ဖြင့် ရှာဖွေကယ်ရေးတပ်ဖွဲ့ဝင်နှစ်ဦးသည် အခန်းတွင်းသို့ ဦးစွာဝင်ရောက်၍ ကျန်တပ်ဖွဲ့ဝင်များသည် Tripod အသုံးပြုပြီး MA System ဖြင့် လူနာကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးစ္စည်းကိရိယာများဖြင့် ကယ်ဆယ်ရွှေ့ထုတ်ခြင်း သရုပ်ပြသည်။

ထို့အပြင် လမ်းမပေါ်တွင် မော်တော်ယာဉ် မတော်တဆဖြစ်ပွားမှုကြောင့် မော်တော်ယာဉ်မီးလောင်ပြီး ကားအတွင်းပိတ်မိနေသည့် လူနာအား ကယ်ဆယ်ခြင်း သရုပ်ပြသရာ ရှေးဦးစွာ ကားမီးလောင်မှုအား ငြိမ်းသတ်ပြီး ကားအတွင်းရှိ လူနာအား Hydraulic Cutter ၊ Hydraulic Spreader နှင့် Hydraulic Ram တို့ကို အသုံးပြု၍ ကယ်ဆယ်ခြင်းဆောင်ရွက်ပြီး မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကိုပါ ပူးတွဲဆောင်ရွက် သရုပ်ပြသခဲ့ကြောင်း သိရသည်။ **မောင်မွေး**



**မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကြွက်ခဲဘုရား ဓမ္မာရုံ၌ ဇူလိုင် ၁ ရက်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ချမ်းမြသာစည်မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းတို့ အသိပညာပေးဟောပြောစဉ်။**
မြို့နယ်(ပြန်/ဆက်)

# နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် ဇူလိုင် ၁**
နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်




**နေပြည်တော် ဇူလိုင် ၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား/ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပသည်။

အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပညာရှာသည့်အချိန်တွင် ပညာတစ်ခုတည်းကိုသာ ဆက်လက်ဆည်းပူးလေ့လာသွားရန်နှင့် နိုင်ငံတော်က အားကိုးရသည့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်အောင် ကြိုးစားသွားကြရန်လိုကြောင်း၊ ပညာတတ်သော လူ့ဘောင်အဖွဲ့အစည်း ဖန်တီးနိုင်ရေးအတွက် တက္ကသိုလ်ပညာရပ်များကို ဆုံးခန်းတိုင်အောင် သင်ကြားပြီး လူရည်ချွန်၊ လူရည်မွန်များဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ဝန်ကြီးဌာန၏ စေတနာကို သိရှိနားလည်ပြီး ရိုးသား၊ ကြိုးစား၊ စေတနာထား၍ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန်နှင့် မိမိတို့သား/သမီးများကို ပညာထူးချွန်ထက်မြက်ပြီး လူတော်လူကောင်းများဖြစ်အောင် ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ တစ်ဦးနှင့် လေးဘာသာ ဂုဏ်ထူးရရှိသူ နှစ်ဦးတို့ကိုလည်းကောင်း၊ **(ဝဲပုံ)** ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်တို့က နှစ်ဘာသာဂုဏ်ထူးရရှိသူ တစ်ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရရှိသူ သုံးဦးတို့ကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာ လုပ်ငန်းဆောင်တာများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ မှန်ကန်စွာဆောင်ရွက်ရန်လိုအပ်

**ရန်ကုန် ဇူလိုင် ၁**



တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်)သို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) တို့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့်တွေ့ဆုံပြီး တိုင်းရင်းသားလူမျိုးများရေးရာ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ မှန်ကန်စွာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းကောင်းမှ တိုင်းပြည်ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေး (၃) ပါးကိုမထိခိုက်စေဘဲ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံလျက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားအားလုံး မျှော်လင့်တောင့်တနေသည့် တိုင်းပြည်သာယာဝပြောရေးကိုဖြစ်ပေါ်လာစေမည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး လုပ်ငန်းများတွင် ဝန်ထမ်းများအားလုံး မိမိတို့ကျရာကဏ္ဍမှ ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူးက တိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရေးရာ ကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ ဝန်ထမ်းများက ဌာနဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို လည်းကောင်း တင်ပြကြပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်) မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးပေးကာ ဝန်ထမ်းများက ကံ့ကော်၊ ကျွန်း၊ ခရေမဟော်ဂနီ၊ မန်ကျည်းရှား ပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်) အတွင်းရှိ အင်းလေးကန်၌ ကျင်းပသည့် ဇီဝိတဒါနငါးလွှတ်ပွဲသို့ တက်ရောက်ပြီး ဝန်ထမ်းများနှင့်အတူ ငါးသားပေါက်ကောင်ရေ တစ်သောင်းနှစ်ရာကို အင်းလေးကန်အတွင်းသို့ လွှတ်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် (၁/၂၀၂၄) တိုင်းရင်းသားရိုးရာအက မွမ်းမံသင်တန်း ဆင်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး တိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်မှုနှင့် ယဉ်ကျေးမှု အကအလှများကို တီထွင်ဆန်းသစ်ရာ၌ မူလရိုးရာကို မပျောက်ပျက်စေရေး၊ တည်တံ့ထိန်းသိမ်းနိုင်ရေးကို အထူးသတိရှိကြရန်လိုကြောင်းနှင့် သင်ယူတတ်မြောက်ထားရှိသည့် ယဉ်ကျေးမှုအနုပညာ၊ အကအလှများကိုလည်း လက်ဆင့်ကမ်း ဆင့်ပွားသင်တန်းများ ပုံမှန်ဖွင့်လှစ်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားကာ သင်တန်းသူ သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များနှင့် အကနည်းပြများကို ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စက်ကိရိယာများကို စွမ်းအားပြည့် အသုံးပြုနိုင်ရေး ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ဆွေးနွေးမှာကြား

**နေပြည်တော် ဇူလိုင် ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးတိုက်နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မျိုးဘဲမွေးမြူရေးခြံ (ဘုရားကြီး) ၌ ကာကီကင်းဥစားဘဲ ၃၇၀၀ ကျော် မွေးမြူထားရှိမှု၊ မျိုးထိန်းမျိုးပွားခြင်းလုပ်ငန်းနှင့် မျိုးဘဲဥသားဖောက်စက်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဒေသအတွင်း ဥစားဘဲမျိုးသားပေါက်များ ဖြန့်ဖြူးရေး တိုးမြှင့်ဆောင်ရွက်ရန်နှင့် စီးပွားဖြစ် မွေးမြူရေးတောင်သူများ တိုးပွားလာစေရေး မွေးမြူရေး နည်းပညာနှီးနှောဖလှယ်ပွဲများ၊ ပညာပေးသင်တန်းများ ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပဲခူးမြို့နယ် ဘုရားကြီးတိုက်နယ်ရှိ စက်မှုလယ်ယာဇဟိုသင်တန်းကျောင်း (အောက်မြန်မာပြည်) ၏ သင်တန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများနှင့် တွေ့ဆုံ၍ ကုန်ကျစရိတ်သက်သာစွာ သီးထပ်သီးနှံများကို ရာသီအချိန်မီစိုက်ပျိုးနိုင်ရေး၊ တစ်ဧကစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ပြီး တောင်သူများ ဝင်ငွေပိုမိုရရှိရေး၊ လယ်ယာသုံးစက်ကိရိယာများ ရင်းနှီးမြှုပ်နှံမှုနှင့် ထိုက်တန်သည့် အကျိုးစီးပွားရရှိစေရန် စက်ကိရိယာများကို စွမ်းအားပြည့် အသုံးပြုနိုင်ရေး ဆွေးနွေးမှာကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် အမြန်လမ်း (၃၆/၄) မိုင်ရှိ 3 Red Stars ကုမ္ပဏီလီမိတက်၏ ရော်ဘာခင်း ၁၁၅ ဧကအကြား ရိုဘတ်စတာကော်ဖီ ၂၁၇ ပင် စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးမြင့်မားသည့် ကော်ဖီထုတ်လုပ်နိုင်ရေးနှင့် အနီးဝန်းကျင်ရှိ လုပ်ကွက်ငယ်တောင်သူများကို လက်တွဲခေါ်ယူပြီး ကော်ဖီထုတ်လုပ်သည့် ဒေသအဖြစ် ဖော်ဆောင်နိုင်ရေး ဆွေးနွေးမှာကြားသည်။ **သတင်းစဉ်**

## သန်လျင်မြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁**

သန်လျင်မြို့နယ်အတွင်းရှိ လူငယ်များ ဘက်စုံထူးချွန်ထက်မြက်စေရန်၊ ဗလငါးတန်နှင့် အသိ ပညာဗဟုသုတ ပြည့်စုံစေရန် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက သန်လျင်မြို့ သီဟဒီပအားကစား ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သန်လျင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် (၂) ဦးဆန်းဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အိအိမွန်က လူငယ်နှင့် စာပေ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးလင်းလင်းထွန်းက လူငယ်နှင့်အားကစားခေါင်းစဉ်များဖြင့် အသိပညာပေးဟောပြောကြသည်။

ထို့နောက် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မိုးစပါးစိုက်ပျိုးရာသီတွင် အစေ့ချကိရိယာများ၊ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနိုင်ရေး လယ်ယာသုံးစက်ကိရိယာများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးစပါးစိုက်ပျိုးရာသီတွင် ကြဲပက်စိုက်ပျိုးခြင်း နည်းစနစ်ပပျောက်ရေး၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ အစေ့ချကိရိယာများ၊ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁) အလတ်စားလယ်ယာသုံးစက်ကိရိယာပြင်ဆင်ရေးနှင့် ထုတ်လုပ်ရေးအလုပ်ရုံရှိ လယ်ယာစိုက်ပျိုးရေးစက်ကိရိယာများကို ကြည့်ရှုစစ်ဆေးသည်။ (ဓါတ်ပုံ)

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ထွန်စက်ဖြင့်တွဲဖက်၍ အခြောက်ထယ်ရေးစပါးအစေ့ချကိရိယာများ၊ စပါးမျိုးဗန်းပြုလုပ်ရန်မြေမှုန့်ကြိတ်နေမှုများနှင့် အလုပ်ရုံအတွင်းရှိ လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုစစ်ဆေးရာ နေပြည်တော် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက နေပြည်တော်အတွင်း မိုးစပါးစိုက်ပျိုးရာသီတွင် အခြောက်မျိုးစေ့ချ ကိရိယာများ၊ လက်ဆွဲကောက်စိုက်စက်၊ ကောက်စိုက်စက်၊ စပါးအစေ့ချကိရိယာများဖြင့် စိုက်ပျိုးမည့် အစီအစဉ်နှင့် စိုက်ကေများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ထားရှိမှုအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အတွင်း မိုးစပါးစိုက်ကေများကို စိုက်ပျိုးရာသီတွင် အစေ့ချကိရိယာများ၊ ကောက်စိုက်စက်များဖြင့် ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ စက်ကိရိယာများ စွမ်းအားပြည့်ဖြင့် လျာထားကေများ ပြည့်ဝစွာစိုက်ပျိုးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

အဆိုပါ မြစ်ရေမြင့်တက်မှုဖြစ်စဉ်ကြောင့် မြစ်ကြီးနားမြို့ပေါ် ရပ်ကွက် ၁၆ ခုနှင့် အာလမ်ကျေးရွာအုပ်စုတို့ရှိ ပြည်သူများအား ဘုန်းတော်ကြီး ကျောင်းများနှင့် အခြေခံပညာ ကျောင်းများတွင် လတ်တလော ရေဘေးရှောင်စခန်း ၃၀ ဖွင့်လှစ်၍ ကူညီကယ်ဆယ် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့ နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြစ်ရေမြင့်တက်မှုကြောင့် ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ မော်တော်ယာဉ်များ၊ အမြန်ရေယာဉ်ငယ်များနှင့် လှေများ စနစ်တကျစုဖွဲ့၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် မြစ်ရေထပ်မံမြင့်တက်လာနိုင်ခြေရှိသည့်အပေါ် ပြည်သူများအား အသိပေးပြီး မြေနိမ့်ရပ်ကွက်များမှ လျင်မြန်စွာ ရွှေ့ပြောင်းနေရာချထားနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များနှင့်အတူ မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်မှ အောင်ဇေရန်အောင်ဘုရားအထိ စက်လှေများဖြင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် ပြည်သူများအား ရေလွတ်ရာ အမြန်ဆုံး ရွှေ့ပြောင်းနိုင်ရေး၊ ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်၍ ရွှေ့ပြောင်းနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ကြပြီး အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ရေကြည်ရပ်ကွက် အတွင်းမှ ရေဘေးရှောင်အိမ်ထောင်စု ၇၉ စုတို့အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကြကာ နေ့လယ်စာ ထမင်းဘူးများကို ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အောင်ဇေရန်အောင်ဘုရားဝင်းအတွင်း ရွှေ့ပြောင်းနေရာချထားပေးသည့် ရေဘေးရှောင်အိမ်ထောင်စု ၁၁၂ စုတို့ကို ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ချက်ပြုတ်စားသောက်နေမှု အခြေအနေများနှင့် အိမ်ထောင်စုများနေထိုင်မှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် လိုအပ်သည့် အထောက်အပံ့များ ကူညီပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက် မြေမြင့်ဘုန်းကြီးကျောင်းအတွင်း ရေဘေးရှောင်စခန်းဖွင့်လှစ်ထားရှိမှုအခြေအနေများနှင့် လိုအပ်သည်များကို ကျောင်းထိုင်ဆရာတော်ထံ မေးမြန်းလျှောက်ထားကြကာ ခိုလှုံနေထိုင်လျက်ရှိသော မိသားစုများအား မြစ်ရေထပ်မံမြင့်တက်လာနိုင်ခြေ ရှိသေးသည့်အတွက် ကျန်းမာရေးဂရုစိုက်နေထိုင်ကြရေး၊ လိုအပ်သည်များ အမြန်ဆုံး ကူညီပံ့ပိုးပေးနိုင်ရေး စီမံ ဆောင်ရွက်ပေးကြကာ မိသားစုများအား မုန့်များ လိုက်လံဝေငှကျွေးမွေးကြသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းကလည်း မြစ်ကြီးနားမြို့ ဇီးလွှန် အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း စည်ပင်သာယာရေးအဖွဲ့ အရာထမ်း/ အမှုထမ်းများ၊ Kachin State Clean & Green Team အဖွဲ့ဝင်များနှင့် သန့်ရှင်းရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြပြီး အဆိုပါ အထက်တန်းကျောင်း ကျောင်းဆောင်များအတွင်း ရွှေ့ပြောင်းနေထိုင်လျက်ရှိသော ရေဘေးရှောင်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ မိသားစုများ အဆင်ပြေစွာ နေထိုင်စားသောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

## ယူရို ၂၀၂၄ ပြိုင်ပွဲ ၁၆ သင်းအဆင့်

နာမည်ကြီး နယ်သာလန်၊ ဩစတြီးယား အသင်းတို့ပါဝင်တဲ့ ယူရို ၂၀၂၄ ပြိုင်ပွဲ ၁၆ သင်းအဆင့်ပွဲစဉ်တွေကို ဇူလိုင် ၂ ရက် ညပိုင်းနဲ့ ဇူလိုင် ၃ ရက် နံနက်ပိုင်းတွေမှာ ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

| | | | |
|---|---|---|---|
| ရိုမေးနီးယား | - | နယ်သာလန် | ည ၁၀း၃၀ |
| ဩစတြီးယား | - | တူရကီ | နံနက် ၁း၃၀ |

## တူရကီယဲကို ကျော်ဖြတ်ပြီး နောက်တစ်ဆင့်ကို ဩစတြီးယား တက်လှမ်းဖွယ်ရှိ

မိုးဇက် - ရေးသားသည်

### ရိုမေးနီးယား VS နယ်သာလန်

နယ်သာလန်အသင်းက ထိပ်တန်းကစားသမားတွေ အများအပြားရှိသည့်တိုင် အုပ်စုတွင်းပွဲစဉ်တွေမှာ ပရိသတ်တွေမျှော်လင့်တဲ့ ခြေစွမ်းမျိုး ထုတ်ပြနိုင်ခြင်း မရှိဘူး။ ခံစစ်ကလည်း တည်ငြိမ်မှုမရှိသလို တိုက်စစ်ကလည်း ထက်မြက်မှု အားနည်းတယ်။ ပြိုင်ဘက်ရိုမေးနီးယားက တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်ရှိပေမယ့် အသင်းလိုက်စွမ်းဆောင်ရည်ပိုင်း ကောင်းမွန်မှုရှိတယ်။ သို့သော်ငြား အဆုံးသတ်သေချာတဲ့အသင်း နိုင်ပွဲရမယ်။

**ရိုမေးနီးယားနဲ့ နယ်သာလန်အသင်း နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ရိုမေးနီးယား | ၀ | - | ၃ | နယ်သာလန် |
| နယ်သာလန် | ၄ | - | ၀ | ရိုမေးနီးယား |

### ဩစတြီးယား VS တူရကီယဲ

နာမည်ကြီး ပြင်သစ်၊ နယ်သာလန်အသင်းတွေပါဝင်တဲ့ အုပ်စုမှာ အုပ်စုပထမနဲ့ နောက်တစ်ဆင့်တက်လာတဲ့ ဩစတြီးယားရဲ့ ခြေစွမ်းက အကောင်းဆုံးပုံစံမှာရှိတယ်။ တူရကီယဲအသင်းရဲ့ ခြေစွမ်းကလည်း ထက်မြက်မှုရှိတယ်။ အခွင့်အရေးကို အမိအရအသုံးချနိုင်စွမ်းရှိတယ်။ ဒီနှစ်သင်းတွေ့ဆုံတိုင်း အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရလေ့ရှိတယ်။ မည်သို့ပင်ဆိုစေ တူရကီယဲအသင်း ခြေစွမ်းထက်မြက်မှုရှိသော်ငြား ဩစတြီးယားကို အနိုင်ယူပြီး နောက်တစ်ဆင့်တက်ဖို့ မလွယ်ဘူး။

**ဩစတြီးယားနဲ့ တူရကီယဲအသင်း နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ဩစတြီးယား | ၆ | - | ၁ | တူရကီယဲ |
| ဩစတြီးယား | ၁ | - | ၂ | တူရကီယဲ |

○ *ကျောဖုံးမှ*

ပွဲချိန်တစ်လျှောက် ခုခံကာကွယ်ခဲ့ရသည်။ ထို့ပြင် ဂျော်ဂျီယာအသင်းသည် စပိန်အသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းမှု လေးကြိမ်သာရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု မရှိခဲ့ပေ။

ပွဲချိန် ၁၈ မိနစ်တွင် စပိန်အသင်းမှ နော်မန်ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ ဂျော်ဂျီယာအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ထို့နောက် စပိန်အသင်းက ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၃၉ မိနစ်တွင် ရရှိခဲ့ပြီး ဝီလီယံ၏ ဖန်တီးမှုမှတစ်ဆင့် ရိုဒရီက သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် ဂျော်ဂျီယာအသင်း ကစားအားကျဆင်းသွားခဲ့ပြီး စပိန်အသင်းကသာ တရစပ်ဖိအားပေးကစားနိုင်ခဲ့သည်။ စပိန်အသင်းအတွက် ဒုတိယဂိုးနှင့် တတိယဂိုးကို ပွဲချိန် ၅၁ မိနစ်နှင့် ၇၅ မိနစ်တွင် ရူးစ်နှင့် ဝီလီယံတို့က သွင်းယူပေးခဲ့သည်။ စပိန်အသင်းအတွက် အနိုင်သေချာစေမည့် စတုတ္ထဂိုးကို ပွဲချိန် ၈၃ မိနစ်တွင် အိုလ်မိုက သွင်းယူပေးခဲ့သည်။

စပိန်အသင်းသည် ဂျော်ဂျီယာအသင်းဘက်သို့ ဂိုးကန်သွင်းခွင့် ၃၅ ကြိမ်အထိရှိခဲ့ပြီး ဂိုးပေါက်တည့်မတ် မှု ၁၃ ကြိမ်တွင် သွင်းဂိုးလေးဂိုးရရှိခဲ့ခြင်း ဖြစ်သည်။ ၁၆ သင်းအဆင့်တွင် ဂျော်ဂျီယာကို ကျော်ဖြတ်နိုင်ခဲ့သော စပိန်အသင်းသည် ကွာတားဖိုင်နယ်တွင် အိမ်ရှင်ဂျာမနီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယူရို ၂၀၂၄ ပြိုင်ပွဲ ၁၆ သင်းအဆင့်မှ အခြားသောပွဲစဉ်အဖြစ် ဇွန် ၃၀ ရက်ညပိုင်းတွင် နာမည်ကြီး အင်္ဂလန်နှင့် စလိုဗက်ကီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်အသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုး ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

# စစ်ဘောင်ခဲ့ပြီး နိုင်ငံရေးဘောင်ကျဉ်းအောင် လုပ်နေသူတွေကြောင့်

**စွမ်းပြည့်**

မြန်မာနိုင်ငံက EAO လက်နက်ကိုင်တွေ ဘာဖြစ်ချင်ကြသလဲ၊ ပြည်တွင်းက ပြည်ဖျက်အစွန်းရောက်တွေကော ဘာဖြစ်ချင်တာလဲ၊ ပြည်ပက နည်းမျိုးစုံနဲ့ ခြယ်လှယ်နေသူတွေကော မြန်မာနိုင်ငံကြီးကို ဘာဖြစ်စေချင်နေတာလဲ။

မေးသာမေးရတယ်။ အဖြေကရှိပြီးသား။ မြန်မာပြည်ကြီးပျက်စီးဖို့၊ မြန်မာလူမျိုးတွေ သေကျေထိခိုက်ဖို့၊ မြန်မာဆိုတဲ့အမှတ်အသားကို ဖျောက်ပစ်ဖို့၊ လူတွေကို လမ်းပေါ်ဆွဲခေါ်၊ ဆူပူအုံကြွအောင်လုပ်မယ်။ မြေပေါ်မြေအောက်ကနေ မြေပေါ်က ကောလာဟလပေါင်းစုံလွှင့်၊ တပ်မတော်ကို ပုံရိပ်ကျအောင်လုပ်၊ ဖြိုခွဲမယ့်အကြံ၊ မြေအောက်က နိုင်ငံကို ဖျက်ဆီးမယ့်အကြံ၊ အချိန်ကိုက်ဗုံးခွဲဖို့ အတွင်းအပြင်ညှပ်ပြီး တိုက်ခိုက်ထိုးနှက်ကြမယ့် အကြံအစည်၊ အကြောင်းအမျိုးမျိုးပြ၊ ခေါင်းစဉ်စုံအောင်တပ် ဂဏန်းအမျိုးမျိုးပြ နောက်ဆုံးမှာ နိုင်ငံကောလူမျိုးပါ အလုံးစုံပျက်သုဉ်းဖို့၊ ဒါပါပဲ၊ အခြားမရှိပါဘူး။

### အတ္တနှင့်ပရ တည်ဆောက်သူနှင့် ဖျက်ဆီးသူ ဘယ်သူ သိသူကသိသည်

သူတို့အတွက်ကော ဘာအကျိုးရှိမလဲ။ များစွာအကျိုးရှိပါတယ်။ မြို့တွေသိမ်း၊ နယ်တွေသိမ်းပြီး မြို့ကိုပျက်အောင်လုပ်၊ အုပ်ချုပ်ရေးယန္တရားပျက်သွားအောင် လုပ်လာတာတွေ့ရမယ်။ လက်နက်ကိုင်နဲ့ သူတို့မိသားစုတွေအဖို့သာ ကောင်းစားရေး၊ မြေပေါ်မြေအောက် သယံဇာတတွေကို ရသမျှဝါးမြိုပြီး ကောက်စားဖို့ သူတို့အတ္တအတွက်သာ။ TNLA က ပလောင်လူမျိုးတွေအတွက်မဟုတ်ပါ၊ AA ကလည်း ရခိုင်လူမျိုးတွေအတွက် မဟုတ်... စသည် စသည်။

EAO အားလုံးဟာ သူတို့တိုင်းရင်းသားတွေအတွက် ဘယ်တုန်းကမှ ထိထိရောက်ရောက် မရှိခဲ့ပါဘူး။ မိမိမိသားစု၊ မိမိလူမျိုးတစ်စုကောင်းစားရေး ရသမျှအမြတ်ထုတ်နေကြခြင်းသာဖြစ်တယ်။ လက်နက်ကိုင်စီးပွားရှာတဲ့အရသာ၊ နယ်မြေသိမ်းတဲ့အရသာ သူတို့သိသွားကြပြီလေ။ တိုက်ပွဲဖော်ခံခဲ့ရတဲ့ ဒေသတွေမှာ EAO တွေဟာ နယ်မြေခံလူထုကို နည်းအမျိုးမျိုးနဲ့ နှိပ်စက်ကြပါတယ်။

သူတို့ဝင်လာမှ အခွန်အတုပ် တိုးကောက်ခံရတယ်၊ ဆက်ကြေးကောက် ပြန်ပေးဆွဲတဲ့ဒဏ် အလူးအလဲခံကြရတယ်၊ ပညာသင်ကြားခွင့် မကြားစဖူး ကန့်သတ်ခံရတယ်၊ မူးယစ်ဆေးစွဲ၊ လက်နက်ကိုင် စီးပွားရှာတဲ့အရသာ လူငယ်တွေကြား အစွဲကြီးစွဲသွားခဲ့ပြီ။ ပို့ကုန်၊ သွင်းကုန်ကဏ္ဍပျက်စီးပြီး နိုင်ငံစီးပွားရေးနှောင့်နှေးကာ ပြည်သူတွေမှာ ကုန်ဈေးနှုန်း အဆမတန်ကြီးမြင့်မှုဒဏ်ခံကြရတယ်။ ဘာသာ သာသနာဟာ သွေးခွဲခံရ ဖျက်ဆီးခံရတယ်။

နယ်မြေဒေသတွေကို အတင်းအဓမ္မ သိမ်းပိုက်တိုးချဲ့ကြ၊ မူလတိုင်းရင်းသားဒေသခံတွေ မောင်းထုတ်ခံရ၊ စစ်ဘေးရှောင်ဖြစ်အောင် အတင်းအဓမ္မ မောင်းထုတ်ကြတယ်၊ တိုင်းရင်းသားလူမျိုး အချင်းချင်း လူမျိုးရေးခွဲခြားပြီး တိုင်းရင်းသားတွေရဲ့ မူလယဉ်ကျေးမှုစရိုက်လက္ခဏာတွေ ပပျောက်အောင် လုပ်လာကြတယ်။ တစ်နိုင်ငံလုံး စိတ်ဓာတ်တွေ ပျက်စီးပြီး အမျိုးသားစရိုက်လက္ခဏာတွေ ပျောက်ကွယ်သွားအောင် ပြည်ပလိုလားချက် အတိုင်း ဆောင်ရွက်လာကြခြင်းသာဖြစ်တယ်။

သူတို့လက်နက်ဟာ သူတို့လူမျိုး၊ သူတို့ဒေသအတွက်သာ အမှန်ဆိုရင် သူတို့လူမျိုးတွေကို တိုက်ပွဲတွင်းမှာ လူသားတံတိုင်းအဖြစ် ဘာကြောင့် ရက်ရက်စက်စက်လုပ်ရက်ကြပါသလဲ။ နိုင်ငံတော်က ဆောင်ရွက်ပေးထားတဲ့ ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံတွေကို ဘာကြောင့် ဖျက်ဆီးနေကြသလဲ။ တပ်မတော်မရှိတဲ့ဒေသတွေမှာ သူတို့လူမျိုးတူအချင်းချင်း ဘာကြောင့် နယ်မြေလုနေကြသလဲ။ အကျိုးစီးပွားအတ္တကြောင့် မှိုလိုပေါက်နေတဲ့၊ အသိမဲ့လက်နက်ကိုင်တွေကြား ယခုလို သူတစ်လူငါတစ်မင်းဖြစ်နေကြတာ မဆန်းပါဘူး။

ဆိုလိုတာက တပ်မတော်စိုးမိုးတဲ့နယ်မြေတွေမှာ ဒီလိုအခြေအနေမျိုးတွေ ဘယ်တုန်းကမှ မရှိခဲ့ဖူးပါ။ ဒါကြောင့်လည်း ရိုးသားတဲ့ ဒေသခံတိုင်းရင်းသားတွေဟာ တစ်ခုပဲရှိတဲ့ အမြဲတမ်းတပ်မတော်ကိုသာ အားကိုးလိုကြခြင်းဖြစ်တယ်။ တပ်မတော်မရှိရင် မငြိမ်းချမ်းဆိုပြီး အရေးကြုံရင် အားကိုးစရာ တပ်မတော်ကြီး အစဉ်တည်မြဲနေရန်သာ လိုလားကြတယ်။ ဖျက်သူကဖျက်လို့၊ အဖျက်ခံရပြီးရင် မရရတဲ့နည်းနဲ့ ပြန်တည်ဆောက်ပေးတာလည်း တပ်မတော်ပဲဆိုတာ တိုင်းရင်းသားတွေသိကြတယ်။ တပ်မတော်က နိုင်ငံကိုပျက်စီးအောင် ဘယ်တော့မှ မလုပ်၊ ပြည်သူတွေ ဘေးသင့်ဒုက္ခရောက်တိုင်း ကယ်ဆယ်ဖို့ အမြန်ရောက်လာတတ်တယ်ဆိုတာကို သူတို့သိကြတယ်။ အမုန်းတရားတွေ နေရာယူနေသရွေ့ အဖြေမရှိဘူးဆိုတဲ့အချက်ကို ပညာရှိသူတိုင်းက သိကြပါတယ်။

### သမိုင်းပေးတာဝန်ကျေပွန်ရမည်ဖြစ်သော တပ်မတော်နှင့် ပြည်သူ

ဒီအချိန်မှာ ပြည်သူတွေ၊ တိုင်းရင်းသားတွေ အလိုချင်ဆုံးက တည်ငြိမ်ရေးနဲ့ အေးချမ်းရေးပါပဲ။ စစ်ဒဏ်ခံ တိုင်းရင်းသားပြည်သူတွေက အင်မတန်သနားစရာကောင်းလှပါတယ်။ စစ်ကြောင့် မိမိတို့ အိုးအိမ်တွေအဖျက်ဆီးခံရ၊ အိမ်တွေဖောက်ထွင်းခံရ၊ အသတ်ခံရ၊ သေကျေဒဏ်ရာရ၊ ပြေးရလွှားရ၊ ရှောင်ရတိမ်းရ၊ စစ်ဘေးရှောင်ဒုက္ခသည်ဘဝနဲ့ အလွန့်အလွန်ဆိုးရွားလှတဲ့ဘဝတွေပါ။ ဒါကို မြန်မာ့တပ်မတော်က စတင်ခဲ့ခြင်းမဟုတ်၊ ငြိမ်းချမ်းရေးလိုလားတဲ့တပ်မတော်က ဘယ်တိုက်ပွဲမှ မစတင်ခဲ့ဖူးသလို ဘယ်လိုပြဿနာမျိုးမှလည်း စတင်ဖန်တီးသူ မဟုတ်ခဲ့ပါဘူး။

လက်နက်ကိုင်နည်းလမ်းနဲ့ တရားမဝင်ရယူထားတဲ့ ဘယ်နယ်မြေကိုမှ အချုပ်အခြာထိန်းတဲ့ တပ်မတော်က ပေးရိုးထုံးစံမရှိပါ။ အချိန်တန်ပြန်လည်ရယူပြီး သမိုင်းပေးတာဝန် ကျေပွန်ရမှာသာဖြစ်တယ်။ လက်ရှိမှာတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံမပြိုကွဲရေး၊ အဆုံးစွန်သော ရည်မှန်းချက်များအတွက်၊ အဆုံးစွန်သော သည်းခံခြင်းတရား လက်ကိုင်ထားကာ အားလုံးကို သက်ညှာနေရခြင်းဖြစ်တယ်။ တပ်မတော်က စစ်ကိုစစ်နဲ့မတူမိအောင် ထိန်းသိမ်းထားပေမယ့် ပြည်ဖျက် EAO တွေက ဘယ်သူမှမညှာမတာ စစ်ကိုစစ်နဲ့မတူ ဖျက်ဆီးပစ်ဖို့ တပ်မတော်နဲ့ပြည်သူကို စိန်ခေါ်နေဆဲ ဖြစ်ပါတယ်။

နာပြီးရင်း နာသထက်နာနေတဲ့ တိုင်းရင်းသားပြည်သူတွေဘက်ကတော့ သည်းခံစိတ်ကုန်နေပါပြီ။ ပြည်သူစစ်စစ်၊ ဘယ်တိုင်းရင်းသားစစ်စစ်ကမှ ဘယ်သူပုန်မျိုးကိုမှ လက်မခံလိုပါ။ အချို့တိုင်းရင်းသားဒေသများက ပြည်သူတွေကိုယ်တိုင် လက်နက်ကိုင်ဆိုရင် မမြင်လို၊ မကြားလိုကြတော့ဘဲ တပ်မတော်ကိုသာ မျှော်လင့်အားထားလာပြီး အချို့နေရာတွေမှာ ရန်သူလှုပ်ရှားမှု ခိုအောင်းမှုများကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး သတင်းပေးလာကြပါပြီ။ ဒါဟာ တကယ့်လက်တွေ့မြေပြင်အခြေအနေများပဲ ဖြစ်ပါတယ်။ သောင်းကျန်းသူရှိတဲ့ နယ်မြေမှန်သမျှဟာလည်း ဘယ်တော့မှ ငြိမ်းချမ်းသည်မရှိပါ။ ဖက်ဒရယ်လမ်းကြောင်းမှန်အပေါ်မှာ မရှိတဲ့သူတွေ၊ NCA လမ်းကြောင်းနဲ့ မထိုက်တန်သူတွေအတွက် ငြိမ်းချမ်းရေးထာဝရ ကြိုးစားရှက်ဆောင်ဖို့အချိန်ဟာ နည်းသထက်နည်းလာပြီလည်းဖြစ်ပါတယ်။

သူတို့ဟာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းရန်ဆန္ဒ လုံးဝရှိဟန်မတူ။ တစ်နိုင်ငံလုံး အေးချမ်းတည်ငြိမ်မှုဖြစ်စေမယ့် ရွေးကောက်ပွဲကိုမလိုလား၊ ဒါကြောင့်လည်း တိုက်ပွဲတွေဖော်ဆောင်ပြီး အသိဉာဏ်နည်းစွာနဲ့ စစ်ရေးနည်းလမ်းကိုသာ ရွေးချယ်နေခြင်းဖြစ်တယ်။ ဆင်ခြင်တုံတရားကင်းမဲ့တဲ့ သောင်းကျန်းသူတွေ စိုးမိုးလာလေလေ မြန်မာပြည်ကြီးဟာ ဘယ်တော့မှ ငြိမ်းချမ်းတော့မည်မဟုတ်ပါ။ ထို့ကြောင့် လက်နက်ရှိရင် သတ်ဖို့ ဖြတ်ဖို့ဝန်မလေး၊ သတ်နိုင်၊ ဖြတ်နိုင်မှ ကြောက်မယ်ထင်နေသော ကမ္ဘာပေါ်မှာ အောက်တန်းအကျဆုံး လူမပီသတဲ့ လူမိုက်လူယုတ်မာတွေကို ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းကနေ အပြီးတိုင် ဖယ်ရှားရှင်းလင်းစေချင်ကြပါပြီ။

ဖျက်ဆီးနိုင်မှ အနိုင်ရမယ်ထင်နေသူတွေကို အမြန်ဆုံး ချေမှုန်းသုတ်သင်နေချင်ကြပါပြီ။ ငြိမ်းချမ်းရေးအတွက် သမိုင်းတွင်မယ့် အဆုံးအဖြတ်တွေကို ပေးစေချင်နေကြပြီ။ ငြိမ်းချမ်းရေးအတွက် EAO တွေကို တပ်မတော်ဘက်က အမြဲယုံကြည်မှုပေးခဲ့တယ်၊ စိတ်ရှည်သည်းခံခဲ့တယ်၊ အမှန်က ယုံကြည်မှုနားလည်မှုတို့ဆိုတာ အပြန်အလှန်ရှိရစမြဲပါ။ ယခုအချိန်ဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးကဏ္ဍစုံ၊ ဘက်စုံ တစ်ပြေးညီတိုးတက်အောင် ကြိုးစားတည်ဆောက်နေရတဲ့ ကာလတစ်ခုလည်း ဖြစ်ပါတယ်။ ဒါပေမယ့် စနစ်တစ်ခုကို တည်ဆောက်နိုင်ဖို့ ငြိမ်းချမ်းအောင်ကိုပဲ ဦးစားပေးကြိုးစားလုပ်ဆောင်နေရပါတယ်။ မငြိမ်းချမ်းဘဲနဲ့ ဖွံ့ဖြိုးအောင်လုပ်လို့ မရဘူးဆိုတာလည်း အခြေအနေအရပ်ရပ်က ပြဆိုနေလို့ ဖြစ်ပါတယ်။

ဒါ့ကြောင့် စစ်မှန်တဲ့ငြိမ်းချမ်းရေး၊ ထာဝရငြိမ်းချမ်းရေးအတွက် မိမိတို့တိုင်းရင်းသားပြည်သူများရဲ့နှလုံးသားမှာ မြန်မာ့သမိုင်းကို အဖျက်ဆီးမခံလိုတဲ့ စိတ်ဓာတ်တွေ ကိန်းအောင်းပြီးဖြစ်ပါတယ်။ သမိုင်းဆိုတာ “မြန်မာ”ဆိုတဲ့အနှစ်သာရပင်၊ အစဉ်အလာ ယဉ်ကျေးမှုနှင့်တကွ မျိုးချစ်စိတ်ဓာတ်၊ ဘယ်တော့မှခွဲလို့မရ မကွဲမကွာဘဲ တပ်မတော်နဲ့ ပြည်သူဟာ တစ်သားတည်းရှိနေရပါမယ်။ ကျွန်တော်တို့ရဲ့တပ်မတော်ကြီး ဘယ်နည်းနဲ့မှ ယိမ်းယိုင်သွားလို့မဖြစ်ပါ။ ခိုင်မာတဲ့ အင်စတီကျူးရှင်း ကင်းမဲ့တဲ့နိုင်ငံတိုင်းမှာ ပရမ်းပတာ ဖြစ်တတ်ပါတယ်၊ ဖြိုခွဲရလည်းလွယ်ကူပါတယ်။

ဒီအချက်ကို စစ်အနိဋ္ဌာရုံကို ဆိုးဆိုးရွားရွား ခံစားနေရတဲ့ ဒေသခံပြည်သူတိုင်းက ပိုသိ၊ ပိုမြင်ကြပါတယ်။ ဒါကြောင့် တပ်မတော်အနေဖြင့် စစ်ကို စစ်နဲ့တူအောင်တိုက်မှသာ *စာမျက်နှာ ၁၂ သို့*


> **“နာပြီးရင်းနာသထက်နာနေတဲ့ တိုင်းရင်းသားပြည်သူတွေဘက်ကတော့ သည်းခံစိတ်ကုန်နေပါပြီ။ ပြည်သူစစ်စစ်၊ ဘယ်တိုင်းရင်းသားစစ်စစ်ကမှ ဘယ်သူပုန်မျိုးကိုမှ လက်မခံလိုပါ။ အချို့တိုင်းရင်းသားဒေသများက ပြည်သူတွေကိုယ်တိုင် လက်နက်ကိုင်ဆိုရင် မမြင်လို၊ မကြားလိုကြတော့ဘဲ တပ်မတော်ကိုသာ မျှော်လင့်အားထားလာပြီး အချို့နေရာတွေမှာ ရန်သူလှုပ်ရှားမှု ခိုအောင်းမှုများကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး သတင်းပေးလာကြပါပြီ။ ဒါဟာ တကယ့်လက်တွေ့မြေပြင်အခြေအနေများပဲ ဖြစ်ပါတယ်။ သောင်းကျန်းသူရှိတဲ့ နယ်မြေမှန်သမျှဟာလည်း ဘယ်တော့မှ ငြိမ်းချမ်းသည်မရှိပါ။ ဖက်ဒရယ်လမ်းကြောင်းမှန်အပေါ်မှာ မရှိတဲ့သူတွေ၊ NCA လမ်းကြောင်းနဲ့ မထိုက်တန်သူတွေအတွက် ငြိမ်းချမ်းရေးထာဝရ ကြိုးစားရှက်ဆောင်ဖို့အချိန်ဟာ နည်းသထက်နည်းလာပြီလည်း ဖြစ်ပါတယ်”**

> **“သူတို့လက်နက်ဟာ သူတို့လူမျိုး၊ သူတို့ဒေသအတွက်သာ အမှန်ဆိုရင် သူတို့လူမျိုးတွေကို တိုက်ပွဲတွင်းမှာ လူသားတံတိုင်းအဖြစ် ဘာကြောင့် ရက်ရက်စက်စက်လုပ်ရက်ကြပါသလဲ။ နိုင်ငံတော်ကဆောင်ရွက်ပေးထားတဲ့ ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံတွေကို ဘာကြောင့်ဖျက်ဆီးနေကြသလဲ။ တပ်မတော်မရှိတဲ့ဒေသတွေမှာ သူတို့ လူမျိုးတူ အချင်းချင်း ဘာကြောင့် နယ်မြေလုနေကြသလဲ။ အကျိုးစီးပွားအတ္တကြောင့် မှိုလိုပေါက်နေတဲ့၊ အသိမဲ့လက်နက်ကိုင်တွေကြား ယခုလို သူတစ်လူငါတစ်မင်းဖြစ်နေကြတာ မဆန်းပါဘူး”**

# ကျွဲနွားများ၏ အစာအိမ်ရှိအစာချေဖျက်သော အကျိုးပြုဗက်တီးရီးယားများအကြောင်း

*ဒေါက်တာ ခင်ဥမ္မာလွင် (တိရစ္ဆာန်ဆေးကုဆရာဝန်)*

ကျွဲနွားများသည် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများဖြစ်သည့် ကောက်ရိုး၊ အခြားသော ပဲမျိုးစုံတို့၏ ဘေးထွက်များနှင့် မြက်များကို စားသုံးပြီး လူတို့အတွက် တန်ဖိုးရှိသော အာဟာရများကို ထုတ်လုပ်ပေးနေသဖြင့် အစာချေဖျက်မှုတွင် မရှိမဖြစ်ပါဝင်သော အစာအိမ်ထဲရှိ အကျိုးပြုအဏုဇီဝပိုးများ၏အခန်းကဏ္ဍကိုလည်း လက်လွှတ်ထား၍ မရပေ။ ရှုပ်ထွေးဆဲဖြစ်သော စားမြုံ့ပြန်တိရစ္ဆာန်များ၏ အစာအိမ် ဇီဝဖြစ်စဉ်တွင် ဗက်တီးရီးယားများ၊ မက်သနိုဂျင်ဗက်တီးရီးယားများ၊ ပရိုတိုဇိုးဝါးများ၊ ဖန်ဂျီများ၊ ဗက်တီးရီးယားစားသော ဗိုင်းရပ်စ်များနှင့် ဗိုင်းရပ်စ်များ ပါဝင်ကြသည်။ အကျိုးပြုအဏုဇီဝပိုးများဖြစ်သည့် ဗက်တီးရီးယား (Rumen bacteria)၊ ဖန်ဂျီ (Rumen fungi)၊ ပရိုတိုဇိုးဝါး (Protozoa)နှင့် မက်သနိုဂျင် ဗက်တီးရီးယားများ (Methanogen) သည် အစာချေဖျက်မှုဖြစ်စဉ်ကို ဦးဆောင်နေကြသည်။




ပုံ – ၁ အစာအိမ်ထဲရှိ အစာချေဖျက်မှုဖြစ်စဉ်

**❑ အစာအိမ်ထဲတွင် ဗက်တီးရီးယားမျိုးစိတ် ခန့်မှန်းခြေ ၇၀၀၀ ကျော်၊ မက်သနိုဂျင် ဗက်တီးရီးယားမျိုးစိတ် ၁၇၀၀ နှင့် ဖန်ဂျီ ၁၀ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြကြသည်။ အစာအိမ်ထဲရှိ အစာချေရည် (၁) မီလီမီတာ၌ ဗက်တီးရီးယားကောင်ရေ သန်း ၂၅၀၊ ပရိုတိုဇိုးဝါး ၁၀ သန်း၊ ဖန်ဂျီ ၀ ဒသမ ၀၁ သန်း ပါရှိကြောင်း သုတေသနပြုထားပါသည်။ ၎င်းတို့အားလုံးသည် အစာချေဖျက်မှုဖြစ်စဉ်အတွက် အကျိုးပြုသောအဏုဇီဝပိုးများ ဖြစ်ကြသည်။ နွားတစ်ကောင်၌ အစာအိမ်ထဲတွင် အကျိုးပြုအဏုဇီဝပိုးပေါင်း (၁၀၀၀၀၀၀၀၀၀၀၀၀၀၀၀) ရှိ**

### အစာချေဖျက်မှုအတွက် အကျိုးပြုသော အဏုဇီဝပိုးများ

အစာအိမ်ထဲတွင် ဗက်တီးရီးယားမျိုးစိတ် ခန့်မှန်းခြေ ၇၀၀၀ ကျော်၊ မက်သနိုဂျင် ဗက်တီးရီးယားမျိုးစိတ် ၁၇၀၀ နှင့် ဖန်ဂျီ ၁၀ ရာခိုင်နှုန်း ရှိကြောင်း ဖော်ပြကြသည်။ အစာအိမ်ထဲရှိ အစာချေရည် (၁) မီလီမီတာ၌ ဗက်တီးရီးယားကောင်ရေ သန်း ၂၅၀၊ ပရိုတိုဇိုးဝါး ၁၀ သန်း၊ ဖန်ဂျီ ၀ ဒသမ ၀၁ သန်း ပါရှိကြောင်း သုတေသနပြုထားပါသည်။ ၎င်းတို့အားလုံးသည် အစာချေဖျက်မှုဖြစ်စဉ်အတွက် အကျိုးပြုသော အဏုဇီဝပိုးများ ဖြစ်ကြသည်။ နွားတစ်ကောင်၌ အစာအိမ်ထဲတွင် အကျိုးပြု အဏုဇီဝပိုးပေါင်း (၁၀၀၀၀၀၀၀၀၀၀၀၀၀၀၀) ရှိသည်။


အကျိုးပြုအဏုဇီဝပိုးများ၏ အရေအတွက် အနည်းအများကို ဖြစ်ပေါ်စေသည့် အရေးကြီးသည့် အဓိကအချက်နှစ်ချက်မှာ အစာကျွေးမွေးမှုစနစ်နှင့် အစာကျွေးပြီးနောက် အချိန်အပိုင်းအခြားအလိုက် ပေါ်မူတည်၍ ပြောင်းလဲဖြစ်ပေါ်နေခြင်းဖြစ်သည်။

အကျိုးပြုအဏုဇီဝပိုးများဖြစ်သည့် ဗက်တီးရီးယား၊ ဖန်ဂျီ၊ ပရိုတိုဇိုးဝါးနှင့် မက်သနိုဂျင် ဗက်တီးရီးယားများသည် အပင်မှရရှိသော ဖိုင်ဘာများကို အသုံးဝင်သော ကာဗွန်ဟိုက်ဒရိုက်နှင့် အသားဓာတ်များအဖြစ် ပြောင်းလဲပေးသည်။ အကျိုးပြုအဏုဇီဝပိုးများ သေဆုံးသွားပါကလည်း ခန္ဓာကိုယ်အတွက် အသားဓာတ်ကို ဖြည့်ဆည်းပေးပြီး အသားဓာတ်ရရှိသော အရင်းအမြစ်၏ (၂/၃) ကို ရရှိစေသည်။ (ပုံ – ၁)

ကျွဲနွားများ၏ အစာအိမ်ထဲ၌ ဗက်တီးရီးယားပါဝင်မှု ၉၅ ရာခိုင်နှုန်း ရှိပြီး အစာကိုတွယ်ကပ်သော ဗက်တီးရီးယား၊ အရည်ကို တွယ်ကပ်သော ဗက်တီးရီးယား၊ အစာအိမ်နံရံများကို တွယ်ကပ်သော ဗက်တီးရီးယားများနှင့် ဆဲလ်များကို တွယ်ကပ်သော ဗက်တီးရီးယားများအဖြစ် တည်ရှိနေကြသည်။ အစာအိမ်ထဲတွင် ဖိုက်ဘာကို ချေဖျက်နိုင်စွမ်း အကောင်းဆုံးဗက်တီးရီးယားမျိုးစုများမှာ Fibrobacter၊ Rumino–coccus နှင့် Butyrivibrio တို့ ဖြစ်ကြပြီး Cellulolytic ဗက်တီးရီးယားများဟုလည်း ခေါ်ကြသည်။ တိရစ္ဆာန်အစာပင်များတွင် ပါဝင်သော Cellulose နှင့် Hemicellulose တို့ကို အဆိုပါ ဗက်တီးရီးယားများက အဓိက ချေဖျက်၍ ခန္ဓာကိုယ်အတွက် လိုအပ်သော စွမ်းအင်ကို ဖြစ်စေပါသည်။ Cellulose ၏ polymer တစ်ခုတွင် ဂလူးကို့စ် (၇၀၀၀ မှ ၁၅၀၀၀) ခန့်ရှိပြီး polymer ပြိုကွဲမှုများမှ ဂလူးကို့စ်များစွာကို ရရှိစေ၍ ကျွဲနွားအတွက် လိုအပ်သောစွမ်းအင်ကို ရရှိစေသည်။

### နို့စားနွား မွေးမြူရေးတွင် အထောက်အကူပြု

ကျွဲနွားများ၏ အဓိကအစာဖြစ်သော ကောက်ရိုးသည် Lignin ပမာဏများသောကြောင့် တစ်ခုတည်းကျွေးပါက ဗက်တီးရီးယားအရေအတွက် တိုးမလာခြင်းကို တွေ့ရသောကြောင့် အစာချေဖျက်မှုလွယ်ကူစေရန် အပိုင်းငယ်များပိုင်းဖြတ်၍ လည်းကောင်း၊ သကာရည်ထည့်၍ လည်းကောင်းကျွေးမွေးခြင်းဖြင့် ဗက်တီးရီးယားများ၏ ပမာဏများလာစေနိုင်သည်။ အစာခြောက်ကျွေးခြင်းထက် အစာစိုကျွေးခြင်းသည်လည်း ဗက်တီးရီးယားများ၏ပမာဏကို တိုးစေပါသည်။ ထို့ပြင် ကောက်ရိုးကို ချဉ်ဖတ်ပြုလုပ်ကျွေးမွေးခြင်း၊ မြက်ချဉ်ဖတ်ပြုလုပ်ကျွေးမွေးခြင်းများတွင် ဗက်တီးရီးယားများ၏အရေအတွက် တိုးလာစေပြီး အာဟာရရရှိမှုမြင့်မားကြောင်း သုတေသနများအရ သိရှိရသည်။ နို့စားနွား မွေးမြူရေးလုပ်ငန်းတွင်လည်း အကျိုးပြုအဏုဇီဝပိုးများ၏အခန်းကဏ္ဍသည် နို့ထုတ်လုပ်မှု မြင့်တက်စေခြင်းနှင့် နို့အာဟာရ တန်ဖိုးမြင့်တက်ခြင်းကို အထောက်အကူပြုပါသည်။



ပုံ – ၂ Bacteria Ruminococcus

သုတေသန ပြုလုပ်ချက်များအရ ကျွဲနှင့်နွားများကို နေပီယာမြက်နှင့် အစာနုကို တူညီသောအချိုးဖြင့်ကျွေးမွေး၍ Cellulolytic ဗက်တီးရီးယားများဖြစ်သည့် Fibrobacter နှင့် Ruminococcus တို့၏ ပမာဏကို တိုင်းတာရာတွင် နွားများတွင် ပိုမိုများသည်ကို လေ့လာတွေ့ရှိခဲ့ရသဖြင့် နွားများသည် အစာနုနှင့် အစာကြမ်းကို အလျော့အတင်းလုပ်၍ ထုတ်လုပ်မှုကောင်းစေရန် ဆောင်ရွက်နိုင်ကြောင်း တွေ့ရသည်။ ကျွဲများသည် အစာကြမ်းပမာဏများများ ကျွေးရန်လိုအပ်ပြီး ပိုမိုကျွေးသော အစာကြမ်းများအတွက် ဖန်ဂျီအရေအတွက် များလာပြီး ချေဖျက်မှုစွမ်းအင် ပိုကောင်း၍ လိုအပ်သော အာဟာရစွမ်းအင်ကို ထောက်ပံ့နိုင်ကြောင်း လေ့လာခဲ့ရပါသည်။ ထို့ပြင် Cellulolytic ဗက်တီးရီးယားများမှ Ruminococcus မျိုးစုကို ကျွဲနွားများတွင် ပိုမိုတွေ့ရှိရကြောင့် လေ့လာခဲ့ရသည်။ အာဟာရရရှိမှုပမာဏကို နှိုင်းယှဉ်ရာတွင် နွားများ၌ ဂလူးကို့စ် ပိုမိုရရှိခဲ့သည်။ သို့သော် အစာချေဖျက်မှုဖြစ်စဉ်မှ ထွက်ရှိသော မီသိန်းပမာဏသည် ကျွဲများ၌ လျော့နည်းသည်ကို လေ့လာခဲ့သည်။ အဆိုပါသုတေသနကို ကောက်နုတ်ကြည့်ပါက နွားများသည် အစာကြမ်းနှင့်အစာနုကို အချိုးကျရောနှော ကျွေးခြင်းဖြင့် ထုတ်လုပ်မှုကို ကောင်းစေခြင်း၊ ကျွဲများတွင် အစာကြမ်းကို အဓိကထားကျွေးမွေးနိုင်ခြင်းနှင့် ကျွေးမွေးခြင်းဖြင့် မီသိန်းထုတ်လုပ်မှု သိသိသာသာ တိုးတက်လာခြင်းမရှိသည်ကို လေ့လာခဲ့ရပါသည်။ သို့သော် အစာကျွေးမွေးမှုစနစ်သည် မျိုးကွာခြားခြင်းထက် ကျွဲနွားများ၏ အသားနှင့် နို့ထုတ်လုပ်မှုတိုးစေခြင်းတွင် ပိုမိုအကျိုးသက်ရောက်ကြောင်း တွေ့ရှိရသည်။

### အစာအိမ်၏ pH ကို ပုံမှန်ထိန်းသိမ်းနိုင်စွမ်းရှိ

ကျွဲနွားများကို စပါးဘေးထွက် အခြေခံနှင့် အစာနု၊ ဂျုံဘေးထွက်အခြေခံနှင့်အစာနု၊ မြက်ခြောက်နှင့် အစာနု၊ မြက်စိုနှင့်အစာနုများကို အချိုးကျကျွေးခြင်းဖြင့် ဗက်တီးရီးယားများ၏ ပမာဏကို ပုံစံအမျိုးမျိုးတိုးလာစေခြင်းများ လေ့လာတွေ့ရှိရသော်လည်း အစာနုအချိုးကို တိုးမြှင့်ကျွေးခြင်းသည် အစာအိမ် pH ကျလာပြီး ဗက်တီးရီးယားများ၏ ပမာဏကို လျော့နည်းစေသည်။ ကျွဲနွားများ၏ အစာအိမ်၏ pH မှာ ၆ ဒသမ ၂ မှ ၇ ဒသမ ၀ ရှိရပါမည်။ pH ကျဆင်းသွားပါက အစာချေဖျက်နိုင်သော ဗက်တီးရီးယားပမာဏကို လျော့နည်းစေသည်။ ဥပမာ – pH ၆ ဒသမ ၂ ထက် လျော့နည်းပါက ဗက်တီးရီးယားအရေအတွက် နည်းလာခြင်းနှင့် pH ၅ ဒသမ ၂ အောက်ရောက်ပါက ဗက်တီးရီးယားများကို သေစေနိုင်ပါသည်။ အစာများကို အပိုင်းပိုင်းပြုလုပ်၍ မစဉ်းဘဲ ကျွေးခြင်းထက် အပိုင်းပိုင်းစဉ်း၍ ကျွေးမွေးခြင်းသည် စားမြုံ့ပြန်ရာတွင် ထွက်ရှိသော တံတွေးများ၏ အကူအညီဖြင့် buffer ကို ရရှိစေပြီး အစာအိမ်၏ pH ကို ပုံမှန်ရရှိစေရန် ထိန်းသိမ်းနိုင်စွမ်းရှိကြသည်။

ယခုဆိုလျှင် အသား၏ အရည်အသွေးနှင့်အရသာ ပိုမိုကောင်းမွန်လာစေရန် အစာချေဖျက်သော ဗက်တီးရီးယားများ ပမာဏတိုးလာစေရန် သုတေသနအများအပြား ပြုလုပ်လာကြသည်။

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၀ မှ*

အမြန်တည်ငြိမ်အေးချမ်းမယ်လို့ ယုံကြည်လာကြတာ မလွန်ပါဘူး။ စစ်ပွဲကြာလာတာနဲ့အမျှ နိုင်ငံလည်း ထိခိုက်လာတာကြောင့် တချို့နေရာတွေမှာ လူမျိုးအလိုက်၊ ဒေသအလိုက် မျိုးချစ်စိတ်ဓာတ်တွေ ပြန်လည်ခေါင်းထောင်လာကြတာလည်း တွေ့လာရတယ်။ ပြည်သူအများစုက မခံစားနိုင်ကြလွန်းလို့ ယခု မျိုးဆက်မှာပင် ရန်သူကို အမြစ်ပြတ်စေချင်ကြပါပြီ၊ ရန်သူကို ဦးကျိုးစေချင်နေကြပြီး သူတို့ရဲ့ တက်ကြွနေတဲ့မာန်တွေကို ရိုက်ချိုးစေချင်ပါပြီ။

ရန်သူ့အခွင့်အလမ်းကို ဖြတ်တောက်ပြီး တိုက်စစ်အဟုန်ကို ရပ်တန့်စေချင်ပါပြီ။ တစ်နိုင်ငံလုံး စိတ်ပိုင်း၊ ရုပ်ပိုင်း မပျက်စီးသွားရအောင် ကာကွယ်စောင့်ရှောက်ပေးစေလိုပါပြီ။ တပ်မတော်က ပြည်သူကို ကာကွယ်စောင့်ရှောက်ပေးရမယ့် တာဝန်ရှိတယ် မဟုတ်ပါလား။

ပြည်သူသည်သာ အမိအဖဖြစ်တဲ့အတွက် တပ်မတော်ကို မျှော်လင့်တကြီးဖြစ်နေသူ မျိုးချစ်ပြည်သူများအနေနဲ့ အားကိုးရန် တပ်မတော်မှ တစ်ပါး အခြားမရှိပါ။ ငြိမ်းချမ်းရေးကို လိုချင်လွန်းလို့ စစ်တိုက်ရန်မှတစ်ပါး အခြားမရှိသလို ရန်သူကို ရေလို မီးလိုကျင့်ပြီး အမြစ်ပြတ်ချေမှုန်းရန်မှတစ်ပါး အခြားလည်းမရှိပါပြီ။ ။

## ဟိုတယ်၊ တည်းခိုရိပ်သာဝန်ထမ်းများ၏ အရည်အသွေးတိုးတက်စေရေးအတွက် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ နှစ်စဉ်ဖွင့်လှစ်

**တောင်ကြီး ဇူလိုင် ၁**

ရှမ်းပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အတွင်း ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပြီး ခရီးသွားလုပ်ငန်းကို အကြားအလပ်မရှိဖွံ့ဖြိုးတိုးတက်စေရေး စီမံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ တောင်ကြီးဟိုတယ်၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုး ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

သင်တန်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်အတွင်းရှိ ဟိုတယ်၊ တည်းခိုရိပ်သာများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ ဝန်ဆောင်မှုအရည်အသွေး တိုးတက်မြင့်မားလာစေရေးအတွက် ယခုကဲ့သို့ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကို နှစ်စဉ် ဖွင့်လှစ်နိုင်ရေးအတွက် ဘဏ္ဍာငွေများ ထည့်သွင်းလျာထား စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တောင်ကြီးမြို့တွင် ဟိုတယ်/တည်းခိုရိပ်သာ စုစုပေါင်း ၅၂ လုံး၊ အခန်းပေါင်း ၁၇၁၉ ခန်း၊ ဝန်ထမ်းပေါင်း ၈၆၇ ဦး ပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့အနက် အကြောင်းအမျိုးမျိုးကြောင့် သင်တန်းတက်ရောက်ရခြင်း မရှိသေးသည့် ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် ယခုကဲ့သို့ သင်တန်းများကို ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း။



ယခုသင်တန်းတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန စီမံခန့်ခွဲမှုအောက်ရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများသာမက စည်ပင်သာယာရေးဌာနအောက်ရှိ တည်းခိုရိပ်သာနှင့် စားသောက်ဆိုင်များမှ ဝန်ထမ်းများလည်း ပါဝင်ပါကြောင်း၊ ၎င်းတို့အနေဖြင့် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သည့်အတွက် ယခုကဲ့သို့ သင်တန်းများတွင် ပါဝင်တက်ရောက်ခြင်းဖြင့် အကျိုးရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ဟိုတယ်လုပ်ငန်းရှင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းတွင် ဟိုတယ်ဧည့်ကြိုဝန်ဆောင်မှု သင်တန်း၊ ဟိုတယ်အိပ်ခန်းဆောင်ဝန်ဆောင်မှု သင်တန်းနှင့် အစားအသောက်နှင့် အဖျော်ယမကာဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကို ဇူလိုင် ၁ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ် သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၂၃ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## တနင်္သာရီမြို့၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**တနင်္သာရီ ဇူလိုင် ၁**

တနင်္သာရီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကြောင်း အထောက်အကူပြုပညာ (အမျိုးသမီးအခြေခံ အပ်ချုပ်စက်) သင်တန်းကို ဇူလိုင် ၁ ရက်က ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူး၊ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးသိန်းဝင်းနှင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြဆရာမ ဒေါ်အေးမြတ်သူနှင့် သင်တန်းသူ ၁၃ ဦး တက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားသည်။



ဆက်လက်၍ သင်တန်းနည်းပြဆရာမ ဒေါ်အေးမြတ်သူက သင်တန်း၌ သင်ကြားပေးမည့် အခြေခံအပ်ချုပ်နည်း ဘာသာရပ်အမျိုးအစားများနှင့် မိတ်ဆက်ရှင်းလင်းခဲ့ပြီး အဆိုပါသင်တန်းတွင် တနင်္သာရီမြို့နယ်-ချောင်းလမုကျေးရွာမှ ဒေသခံအမျိုးသမီး သင်တန်းသူ ၁၃ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ ဇူလိုင် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိဖြစ်ကြောင်း၊ သင်တန်းတွင် စက်ပစ္စည်းထိန်းသိမ်းနည်း၊ ခါးစက်အပ်ချည်ထိုးနည်း၊ လက်ချုပ်နည်း၊ ကြယ်သီးဖောက်နှင့်အမျိုးသမီးဝတ်အထည်အမျိုးမျိုး၊ Ready Made အင်္ကျီပုံစံအမျိုးမျိုး ချုပ်နည်းများကို ကျွမ်းကျင် တတ်မြောက်သည်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## ရွှေကူမြို့၌ မြစ်ရေကြီးမှုအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်

**ရွှေကူ ဇူလိုင် ၁**

ကချင်ပြည်နယ် ရွှေကူမြို့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ခံ ဦးတိုးတိုးထွန်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရေဘေးကြိုတင် ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို မြေနိမ့်ပိုင်းရပ်ကွက်များနှင့် ဧရာဝတီမြစ်ကမ်းနံဘေးတစ်လျှောက်ရှိ ရပ်ကွက်/ ကျေးရွာများတွင် ဇူလိုင် ၁ ရက်က ဆောင်ရွက်သည်။




ရွှေကူမြို့နယ်အတွင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ဇူလိုင် ၁ ရက် နံနက် ၉ နာရီခွဲအချိန် တိုင်းတာချက်အရ ဧရာဝတီမြစ်ရေသည် ၈၃၈ စင်တီမီတာသို့ ရောက်ရှိနေပြီး ရွှေကူမြို့၏ စိုးရိမ်ရေအမှတ်မှာ ၉၃၀ စင်တီမီတာဖြစ်၍ စိုးရိမ်ရေအမှတ်သို့ ရောက်ရှိရန် သုံးပေကျော်ခန့်သာ လိုကြောင်းနှင့် ဆက်လက်၍ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၏ စိုးရိမ်ရေအမှတ်အထက်သို့ ရောက်ရှိနိုင်သဖြင့် အနိမ့်ပိုင်း ရပ်ကွက်များ၊ မြစ်ကမ်းနံဘေးတွင်နေထိုင်ကြသူ ပြည်သူများအနေဖြင့် လူ၊ ပစ္စည်း၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များကို ရေဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ထားကြရန်နှင့် ရေဘေးကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုက်လံအသိပေးနှိုးဆော်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၁ မှ*

ကျွဲနွားများကို လှောင်အိမ်စနစ်ဖြင့် မွေးမြူခြင်းဖြင့် ရှိနိုင်သော ဗက်တီးရီးယားအရေအတွက်၊ လွတ်ကျောင်းစနစ်ဖြင့် မွေးမြူသောကြောင့် ရှိနိုင်သော ဗက်တီးရီးယားအရေအတွက်၊ အစာကျွေးမွေးမှုစနစ်မှ ရှိနိုင်သော ဗက်တီးရီးယားအရေအတွက် စသဖြင့်သော သုတေသနများကို ရှာဖွေလာကြသည်။ ဗက်တီးရီးယားပမာဏ ပြောင်းလဲမှုပေါ်မူတည်၍ ခန္ဓာကိုယ်ကို ထောက်ပံ့ပေးနိုင်သော အာဟာရစွမ်းအင်အရင်းအမြစ်ဖြစ်သော Short Chain Fatty Acid (SCFA)၊ Long Chain Fatty Acid (LCFA)နှင့် Ammonia ($NH_3$) ထွက်ရှိမှုကွာခြားကြသည်။

ထို့ကြောင့် မိမိဒေသမှ ထွက်ရှိသော အစာကုန်ကြမ်းများ၊ လွတ်ကျောင်းထိန်းသိမ်းမှုများ၊ မိမိဒေသနှင့် သင့်တင့်



ပုံ - ၃ အစာ၌ တွယ်ကပ်နေသော Bacteria Fibrobacter များ

သောကျွဲ၊ နွား၊ သိုး၊ ဆိတ်မျိုးများသည် အသားထုတ်လုပ်မှုကွင်းဆက်၊ နို့ထုတ်လုပ်မှုကွင်းဆက်နှင့် ကုန်ကျစရိတ်ကွင်းဆက်များမှာ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာကြသည်။ ဒေသမှ အများဆုံးရရှိနိုင်သည့် အစာကုန်ကြမ်းများအပေါ် အခြေခံ၍ ကျွဲနွားများ၏ အစာအိမ်ထဲရှိ အကျိုးပြုအဏုဇီဝပိုးများအကြောင်း၊ အကျိုးပြုဗက်တီးရီးယားများအကြောင်းကို သုတေသနပြု ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။ အပင်မျိုးစုံပေါက်ရောက်ရာ မြန်မာနိုင်ငံအနေဖြင့် အမျိုးမျိုးသော ဘေးထွက်များသည် ကျွဲနွားများ၏ အစာအတွက် အသုံးပြုနိုင်ရန် အကျိုးပြုအဏုဇီဝပိုးများ၏ ဇီဝဖြစ်စဉ်နှင့် အစာချေဖျက်မှုဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်နိုင်မှုများကို သိရှိ၍ ခန္ဓာကိုယ်အတွက် အာဟာရစွမ်းအင် ထောက်ပံ့နိုင်မှု သုတေသနပြု ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**ကျမ်းကိုးများ**

၁။ Ruminal fermentation and microbial ecology of buffaloes and cattle fed the same diet: **Khin Ohnmar LWIN,** Makoto KONDO, Tomomi BAN–TOKUDA, Rosalina M LAPITAN , Arnel N. DEL–BARRIO, 2 Tsutomu FUJIHARA and Hiroki MATSUI.

၂။ Comparative analysis of rumen bacteria between water buffalo and cattle fed the same diet during their fattening period in the Philippine : **Ken ASAI,** Khin Ohnmar LWIN, Abraham G. TANDANG, Rosalina M. LAPITAN, Jesus Rommel V. HERRE–RA, Arnel N. DEL, Makoto KONDO, Tomomi BAN, Arfan ABRAR, Tsutomu FUJIHARA, Hiroki MATSUI.

၃။ Effects of dietary energy levels on rumen bacterial community composition in Holstein heifers under the same forage to concen–trate ratio condition : **Yanliang Bi,** Shuqin Zeng, Rong Zhang, Qiyu Diao and Yan Tu.

# ကမ္ဘောဒီးယား၌ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဧရာဝတီလင်းပိုင် ၁၀၅ ကောင်ခန့်အထိရှိလာ

ဖနောင်ပင် ဇူလိုင် ၁

ကမ္ဘောဒီးယားနိုင်ငံ မဲခေါင်မြစ်အတွင်း မျိုးသုဉ်းပျောက်ကွယ်လုနီးပါး အန္တရာယ်ရှိသည့် ဧရာဝတီလင်းပိုင် ၁၀၅ ကောင်ခန့်အထိ ရှိလာကြောင်း စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဒစ်သ်တီနာက ဇူလိုင် ၁ ရက်တွင် ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ အရှေ့တောင်ပိုင်း ပရေးခေါ်ရဲခရိုင်တွင် ကျင်းပသည့် (၁၄) နှစ်မြောက် အမျိုးသားငါးနေ့ အခမ်းအနားတွင် ဝန်ကြီးတီနာက ထိုသို့ ပြောကြားသည်။ ယခုနှစ် ပထမခြောက်လအတွင်း မွေးကင်းစ မဲခေါင် ဧရာဝတီလင်းပိုင် ရှစ်ကောင်ကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပြီး နှစ်ကောင်သာ သေဆုံးခဲ့ကြောင်း ၎င်းက ပြောသည်။

ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ရန်ပုံငွေအဖွဲ့နှင့် ကမ္ဘောဒီးယား ငါးလုပ်ငန်းဦးစီးဌာနမှ ကောက်ယူသော လင်းပိုင်ကောင်ရေစာရင်းအရ ၂၀၂၀ ပြည့်နှစ်က ခန့်မှန်းခြေအားဖြင့် ၈၉ ကောင်ရှိရာ ယခုအချိန်တွင် ဧရာဝတီလင်းပိုင်ကောင်ရေ ၇၈ ကောင်မှ ၁၀၅ ကောင်အထိရှိမည်ဟု ခန့်မှန်းထားသည်။



မဲခေါင်ဧရာဝတီလင်းပိုင်များသည် ၂၀၀၄ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့၏ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များအဖြစ် အနီရောင်အဆင့် သတ်မှတ်ခံထားရသည်။

အဆိုပါ မျိုးစိတ်များသည် အရှေ့မြောက်ပိုင်း စတွန်းထရန်းနှင့် ခရေးတီးပြည်နယ်များအကြား မဲခေါင်မြစ်ကြောင်းတစ်လျှောက် ကီလိုမီတာ ၁၈၀ အတွင်း ကျက်စားလျက်ရှိသည်။ **ဆင်ဟွာ**



## ပထမနှစ်ဝက်အတွင်း ဗီယက်နမ်နိုင်ငံမှ ဆန်တန်ချိန် လေးသန်းခွဲကျော် တင်ပို့

ဟနွိုင်း ဇူလိုင် ၁

ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၏ အချက်အလက်များအရ ယခုနှစ် ပထမခြောက်လအတွင်း ဗီယက်နမ်မှ ဆန်တန်ချိန် ၄ ဒသမ ၆၈ သန်း တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၈ ဘီလီယံရရှိခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဇူလိုင် ၁ ရက်တွင် ဖော်ပြသည်။

ကိန်းဂဏန်းအချက်အလက်များအရ ပမာဏအားဖြင့် ၁၀ ဒသမ ၄ ရာခိုင်နှုန်း တိုးလာပြီး ယမန်နှစ် အလားတူကာလထက် တန်ဖိုး ၃၂ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။ ယခုနှစ် ပထမနှစ်ဝက်တွင် သစ်၊ ကော်ဖီ၊ သစ်သီးဝလံ-ဟင်းသီးဟင်းရွက်နှင့် ပုစွန်များအပြင် ကုန်သွယ်မှု ပိုမိုမြင့်မားသော စိုက်ပျိုးရေးပို့ကုန် ငါးမျိုးအနက် ဆန်လည်းပါဝင်ကြောင်း ဝန်ကြီးဌာနမှ သိရသည်။

ဗီယက်နမ်သည် ပထမနှစ်ဝက်အတွင်း ကမ္ဘောဒီးယားနိုင်ငံ အပါအဝင် အခြားနိုင်ငံများမှ စပါးဝယ်ယူတင်သွင်းရန်အတွက်လည်း ဒေါ်လာသန်း ၆၇၀ ခန့် သုံးစွဲခဲ့ရသည်။ ဆန်ထွက်ကုန် အချို့ကို အဓိကအားဖြင့် တိရစ္ဆာန်အစာလုပ်ငန်းအတွက် အဓိကရည်ရွယ်တင်သွင်းခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်သည် ၂၀၂၄ ခုနှစ်တွင် ဆန်တန်ချိန် ရှစ်သန်းကျော် တင်ပို့ရန် ရည်မှန်းထားကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံမှ လူသိများသော H3 ဒုံးပျံ ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုကို ဂြိုဟ်ပတ်လမ်းအတွင်းသို့ ပထမဆုံးအကြိမ် အောင်မြင်စွာ ပို့ဆောင်

တိုကျို ဇူလိုင် ၁

ဂျပန်နိုင်ငံ၏ လူသိများသော H3 ဒုံးပျံသစ်ကို တတိယအကြိမ်မြောက် လွှတ်တင်ပြီး ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုကို ဂြိုဟ်ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။



အဆိုပါ ဒုံးပျံကို တနင်္လာနေ့ မွန်းလွဲပိုင်းက နိုင်ငံအရှေ့တောင်ပိုင်း ကာဂိုရှီးမားခရိုင်ရှိ တာနီဂါရှီးမား အာကာသစင်တာမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ရေဒါနည်းပညာသုံး Daichi-4 ဂြိုဟ်တုကို သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်သော ပျက်စီးဆုံးရှုံးမှုများကို လေ့လာရေးတွင်လည်းကောင်း၊ မီးတောင်လှုပ်ရှားမှုနှင့် ပတ်သက်ပြီး ပုံမှန်မဟုတ်သော ပြောင်းလဲမှုများကို အလျင်အမြန် သိရှိနိုင်ရေးတွင်လည်းကောင်း အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က H3 ဒုံးပျံ ပထမဆုံးအကြိမ် လွှတ်တင်မှုမှာ အောင်မြင်မှုမရှိခဲ့သောကြောင့် သယ်ဆောင်သွားသော ကမ္ဘာမြေလေ့လာရေးဂြိုဟ်တု Daichi-3 ကို ဆုံးရှုံးခဲ့သည်။ ယခုနှစ် ဖေဖော်ဝါရီလတွင် ဒုတိယအကြိမ် လွှတ်တင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

ယခုတတိယအကြိမ်လွှတ်တင်မှုသည် ဂြိုဟ်တုကြီးကို ဂြိုဟ်ပတ်လမ်းအတွင်းသို့ ပထမဆုံးအကြိမ် အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။ ဂျပန်အာကာသစူးစမ်းလေ့လာရေး အေဂျင်စီသည် H3 ဒုံးပျံကို နှစ်စဉ် ခြောက်ကြိမ် လွှတ်တင်ရန် ရည်မှန်းထားသည်။ **အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်၌ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူတိုးလာ

မနီလာ ဇူလိုင် ၁

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီမှစတင်၍ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၂၀၅ ဦးအထိ တိုးလာခဲ့ပြီး ယခုနှစ် မိုးရာသီ ဇွန် ၁ ရက်မှ ၁၅ ရက်အထိ ရောဂါကူးစက်မှုနှုန်းမြင့်တက်လာကြောင်း ကျန်းမာရေးဌာနက ဇူလိုင် ၁ ရက်တွင် ပြောကြားသည်။

ခြင်ကြောင့်ဖြစ်သော ရောဂါဖြစ်ပွားမှု အရေအတွက် အနည်းငယ်တိုးလာကြောင်း ကျန်းမာရေးဌာနက အစီရင်ခံတင်ပြခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ဇွန် ၁၅ ရက်အထိ တစ်နိုင်ငံလုံးတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ စုစုပေါင်း ၇၇၈၆၇ ဦးရှိသဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၅ ရာခိုင်နှုန်းတိုးလာကြောင်း သိရသည်။ ကျန်းမာရေးဝန်ကြီး တီယိုဒိုရို ဟာဘိုဆာက ခြင်ပေါက်ပွားသည့်နေရာများကို ရှာဖွေဖျက်ဆီးရန် ဒေသန္တရအစိုးရများကို တိုက်တွန်းလိုက်သည်။

သွေးလွန်တုပ်ကွေးရောဂါအပါအဝင် ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများသည် များသောအားဖြင့် ရာသီဥတုအကူးအပြောင်း၊ ရေကြီးခြင်းနှင့် မသန့်ရှင်းသောရေများ စုပုံနေခြင်းများကြောင့် မိုးရာသီအစတွင် အမြင့်ဆုံးဖြစ်ပွားလေ့ရှိသည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်၌ မြေပြိုကျမှုဖြစ်ပွား၊ နှစ်ဦး သေဆုံး

ဂျကာတာ ဇူလိုင် ၁

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်၌ ဇွန် ၃၀ ရက်က မြေပြိုမှုဖြစ်ပွားပြီးနောက် လူနှစ်ဦး သေဆုံးခဲ့ပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးအန္တရာယ် လျော့ပါးရေးအေဂျင်စီ (ဘီအင်န်ပီဘီ)က ပြောကြားခဲ့သည်။



မြေပြိုကျမှုသည် အရှေ့ဂျာဗားပြည်နယ် ဘာလီတာဒေသ ဘူမီရီဂျိုရွာတွင် ဒေသစံတော်ချိန် ညနေ ၅ နာရီခန့်က ဖြစ်ပွားခဲ့သည်။

မီတာ ၅၀ မကမြင့်သည့် တောင်ကမ်းပါးရံစွန်းတစ်ခုသည် အဆိုပါကျေးရွာရှိ ကြက်မွေးမြူရေးခြံပေါ်သို့ ရုတ်တရက်ပြိုကျခဲ့သည်။ မြေပြိုကျချိန်တွင် ကြက်မွေးမြူရေးခြံ၌ ကြက်ခြံပိုင်ရှင်နှင့်အတူ အလုပ်သမားသုံးဦး အလုပ်လုပ်ကိုင်လျက်ရှိသည်။

ကယ်ဆယ်ရေးသမားများသည် ဇွန် ၃၀ ရက်ညနေပိုင်းက အလုပ်သမားနှစ်ဦး၏ အလောင်းများကို ဖော်ထုတ်ခဲ့သော်လည်း ကြက်ခြံပိုင်ရှင်အလောင်းကို ဆက်လက် ရှာဖွေလျက်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးအန္တရာယ်လျော့ပါးရေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အက်ဘ်ဒူမူဟာရီ က ဇူလိုင် ၁ ရက်တွင် ပြောသည်။

အလုပ်သမားတစ်ဦးမှာ ဒဏ်ရာတချို့တစ်ဝက်နှင့်အတူ အသက်ရှင်လွတ်မြောက်ခဲ့ကြောင်း မူဟာရီက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## ယခုနှစ် ပထမနှစ်ဝက်အတွင်း ဗီယက်နမ်နိုင်ငံသို့ နိုင်ငံခြားခရီးသွား ၈ ဒသမ ၈ သန်းကျော် ဝင်ရောက်

ဟနွိုင်း ဇူလိုင် ၁

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမနှစ်ဝက်ကာလအတွင်း နိုင်ငံတကာခရီးသွား ၈ ဒသမ ၈ သန်းကျော် ဆွဲဆောင်နိုင်ခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားမီ အလားတူကာလထက် ၄ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အထွေထွေစာရင်းအင်းရုံးက ထုတ်ပြန်သော နောက်ဆုံးကိန်းဂဏန်းအချက်အလက်များအရ သိရသည်။

အဆိုပါ ကာလအတွင်း လေကြောင်းမှတစ်ဆင့် ဗီယက်နမ်နိုင်ငံသို့ နိုင်ငံခြား ခရီးသွား ဝင်ရောက်မှု စုစုပေါင်း၏ ၈၃ ဒသမ ၈ ရာခိုင်နှုန်း (၇ ဒသမ ၄ သန်း) ရှိခဲ့ပြီး ကုန်းလမ်းကြောင်းမှတစ်ဆင့် ၁၄ ဒသမ ၃ ရာခိုင်နှုန်း (၁ ဒသမ ၃ သန်း) နှင့် ရေလမ်းကြောင်းမှတစ်ဆင့် ၁ ဒသမ ၉ ရာခိုင်နှုန်း (၁၆၄ ၉၀၀) ရှိခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့မှ ခရီးသွားများသည် ဗီယက်နမ်နိုင်ငံသို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှု စုစုပေါင်း၏ ၄၇ ဒသမ ၂ ရာခိုင်နှုန်း ရှိသည်။ **ဆင်ဟွာ**

## ချင်းတွင်းမြစ်ရေ ခန္တီးမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့် (၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ခန္တီးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဇူလိုင် ၁**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ **ဧရာဝတီမြစ်ရေ**သည် ဗန်းမော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခန့် (၁၄၈ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့် (၇၈ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခွဲခန့် (၁၇၅ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**ချင်းတွင်းမြစ်ရေ**သည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့် (၈၈ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခုနစ်ပေကျော် (၂၁၇ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## မန္တလေးဆိပ်ကမ်းတွင် ဧရာဝတီမြစ်ရေမြင့်တက်နေ



**မန္တလေး ဇူလိုင် ၁**

မန္တလေးဆိပ်ကမ်းတွင် ဧရာဝတီမြစ်ရေ မြင့်တက်လာရာ ဇူလိုင်လပထမ ၁၀ ရက်ပတ် ခန့်မှန်းချက်များအရ လက်ရှိရေအမှတ်ထက် ၆ ပေမှ ၁၀ ပေခန့်အထိ မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ-မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

ယနေ့ မွန်းလွဲပိုင်းအချိန် မြစ်ရေတိုင်းထွာချက်များအရ မန္တလေးဆိပ်ကမ်း၌ ဧရာဝတီမြစ်ရေသည် ၈၉၃ စင်တီမီတာတွင် ရှိပြီး စိုးရိမ်ရေမှတ် ၁၂၆၀ စင်တီမီတာသို့ ရောက်ရှိရန် ၁၂ ပေခန့် အလိုတွင် ရောက်ရှိပြီဖြစ်သည်။

"နှစ်စဉ် မိုးဦးရာသီအကုန် မိုးလယ်ရာသီ စတင်တာနဲ့ မုတ်သုံမိုးတွေလည်း မြန်မာနိုင်ငံအထက်ပိုင်းဒေသတွေမှာ ပျံ့ပျံ့နှံ့နှံ့ ရွာသွန်းပြီး မကြာခင်မှာ မြစ်ရေတိုးလာတယ်။ မြစ်ဖျားပိုင်းမှာ မြစ်ရေတိုးလာရာကနေ ရေကြီးရာသီစတင်တာပါ။ ဧရာဝတီမြစ် အလယ်ပိုင်းဒေသတွေရဲ့ မြစ်ရေမှတ်တမ်းတွေအရ ဇူလိုင်လ ဒုတိယပတ်ကနေ ဩဂုတ်လ ဒုတိယပတ်အထိ မြစ်ရေကြီးတဲ့ အကြိမ်ရေများတာတွေ့ရတယ်" ဟု ၎င်းကပြောသည်။

မြစ်ရေကြီးမှုကြောင့် ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးလျော့ပါးရေးနှင့် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်နိုင်ရန် မြစ်ရေကြီးခြင်းသတိပေးချက်များကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပြီး ပြည်သူများအနေဖြင့် ရေကြီးရေလျှံမှု မဖြစ်ပေါ်မီ၊ ရေကြီးရေလျှံစဉ်နှင့် ယင်းနောက်ပိုင်း ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ကြိုတင်ပြင်ဆင်ကြရန်လိုကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန် များပြားစွာရွာသွန်းမှုကြောင့် လျှပ်တပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ(၁၄၄)ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

( ခ ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

( ဂ ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ၊

( င ) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

( စ ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်းအစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊

( ခ ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်းသတိပြုကြပါ၊

( ဂ ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊

( င ) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန် အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

( ခ ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊

( ဂ ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသော ရေ(သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ မရှိ စစ်ဆေးပါ၊

( င ) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်၊

( စ ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊

( ဇ ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

( ခ ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

( ဂ ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

( င ) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

( စ ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလ သတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

( ဇ ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

( ဈ ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ကျောက်ဆည်ခရိုင်၌ ပဲတီစိမ်း (မိုးကြို) သီးနှံများ အရောင်းအဝယ်ဖြစ်မှုအခြေအနေ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးကာ ပဲတီစိမ်း (မိုးကြို) သီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ ပဲတီစိမ်း (မိုးကြို) ကို မတ်လတွင် စတင်စိုက်ပျိုးလျက်ရှိရာ ကျောက်ဆည်



မြို့နယ်၌ ၆၄၄၆ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၄၄၉၇ ဧက၊ မြစ်သားမြို့နယ်၌ ၁၁၂၃၄ ဧက စုစုပေါင်း ၂၂၁၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ပဲတီစိမ်းသီးနှံကို ဇွန်လဆန်းမှ စတင်၍ ရိတ်သိမ်းလျက်ရှိပြီး ယခုအချိန်ထိ ၂၁၂၅ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲတီစိမ်း (မိုးကြို) သီးနှံစိုက်ပျိုးရာတွင် ဆည်ရေသောက်ရေသွင်းစနစ်ဖြင့် အများဆုံးစိုက်ပျိုးကြပြီး မျိုးအနေဖြင့် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သော ရေဆင်း-၁၁ မျိုးနှင့် ကျောက်စိမ်းမျိုးများကိုသာ ရွေးချယ် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ ရိတ်သိမ်းစရိတ်နှင့် လုပ်သားခအပါအဝင်တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀ ခန့် ကုန်ကျကာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၁-၁၂ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ ပွဲရုံများ၌ အရောင်းအဝယ် ဖြစ်လျက်ရှိပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပဲတီစိမ်း (မိုးကြို) စိုက်ပျိုးတောင်သူများ အနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိကြောင်း သိရသည်။

**DOCA (မန္တလေး)**



## ပေါက်ခေါင်းမြို့နယ်၌ ပြောင်းဖူးစိုက်တောင်သူများ အကျိုးအမြတ်ရရှိလျက်ရှိ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်ရှိ သဖန်းချုံအုပ်စု သဖန်းချုံကျေးရွာတွင် ဖူးစားပြောင်းများ စိုက်ပျိုးထားရှိကြောင်း၊ ဖူးစားပြောင်းကို ရာသီမရွေးစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးပြီး နှစ်လကျော်အကြာတွင် ပြောင်းဖူးများ ထွက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၁၃၆၀၀၀ ခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ပြောင်းဖူး ၁၇၂၀၀ ဖူးခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းအထိ လာရောက်ဝယ်ယူရောင်းချကြကြောင်း သိရသည်။

ဖူးစားပြောင်း တစ်ဧကလျှင် ငွေကျပ် ၃၄၄၀၀၀၀ ခန့်ရရှိပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၂၃၀၄၀၀၀ ခန့် ရရှိကြောင်း၊ ဖူးစားပြောင်းသီးနှံသည် ရာသီမရွေး စိုက်ပျိုးထွက်ပေါ်ပြီး အကျိုးအမြတ်များလည်း ရရှိသည့်အတွက် တောင်သူများအနေဖြင့် နှစ်ပတ်လည်ဝင်ငွေများ ရရှိကြောင်း သိရသည်။

**DOCA (ပဲခူး)**

# ရွှေတောင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ခဝဲသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကြို့ကုန်းအုပ်စု ကြို့ကုန်းကျေးရွာ၌ ခဝဲသီးကို မိုးရာသီဖြစ်သော ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် စိုက်ပျိုးလျက်ရှိပြီး အချို့ဒေသများ၌ ဆောင်းရာသီနှင့် နွေရာသီများတွင် ရေသွင်း၊ ရေလောင်းစနစ်ဖြင့် စိုက်ပျိုးကြကြောင်း သိရသည်။

ခဝဲသီးစိုက်ပျိုးရာတွင် ဝါးစင်ပြုလုပ်၍ စင်တင်စနစ်ဖြင့် စိုက်ပျိုးရပြီး ယခုနှစ်စိုက်ပျိုးရာတွင် ယခင်နှစ်က ပြုလုပ်ထားသည့် ဝါးစင်ဖြင့် ဆက်လက်စိုက်ပျိုးရသည့်အတွက် ကုန်ကျစရိတ်သက်သာကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုးစေ့၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၄၀၀၀၀၀ ကျော် ကုန်ကျကြောင်း၊ ခဝဲသီးကို စိုက်ပျိုးပြီး နှစ်လအကြာတွင် ခူးဆွတ်ရောင်းချရပြီး နှစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရကြောင်း၊ တစ်ကြိမ်ခူးဆွတ်လျှင် ခဝဲသီး အတောင့် ၁၀၀၀ ခန့် ရရှိပြီး ငါးလခန့်အထိ ခူးဆွတ်နိုင်ကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းအထိ လာရောက်ဝယ်ယူ၍ ရွှေတောင်ဒေသ ဈေးကွက်အတွင်း ရောင်းချလျက်ရှိကြောင်း၊ ခဝဲသီး စတင်ထွက်ပေါ်ချိန်မှစ၍ ရောင်းရငွေ ငွေကျပ် ၁၄ သိန်းခန့် ရရှိပြီး



အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၀ သိန်းခန့်ရရှိကြောင်း၊ ခဝဲသီးကို ရာသီချိန်တွင် စိုက်ပျိုးရောင်းချခြင်းဖြင့် အကျိုးအမြတ် ပိုမိုရရှိသောကြောင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း တောင်သူတစ်ဦးထံမှ သိရှိရသည်။

**DOCA (ပဲခူး)**

## ရွှေဘိုဈေးကွက်၌ နွေနှမ်းနက်ဈေးနှုန်း ကောင်းမွန်ပြီး အရောင်းအဝယ်ဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဈေးကွက်သို့ ဇွန်လ ပထမပတ်မှစတင်၍ နွေနှမ်း(အနက်)များ စတင်ဝင်ရောက် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဇွန်လ တတိယပတ်အတွင်း နှမ်းနက် တင်း ၁၃၅၀၀၊ တန်အားဖြင့် ၃၃၁ တန် ဈေးကောင်းရရှိကာ အရောင်းအဝယ်ဖြစ်ခဲ့သည်။

ရွှေဘိုမြို့နယ်၌ ယခုနှစ်တွင် နွေနှမ်းများ စတင်စိုက်ပျိုးချိန်တွင် မိုးရွာသွန်းမှုနည်းပါးခဲ့ပြီး ရိတ်သိမ်းချိန်တွင်လည်း ရာသီဥတုကောင်းမွန်သည့်အတွက် အထွက်နှုန်းများကောင်းမွန်ကြောင်း၊ ဈေးနှုန်းမှာလည်း တစ်ပတ်ထက်တစ်ပတ် ပိုမိုကောင်းမွန်လာသောကြောင့် နွေနှမ်းစိုက်ပျိုးသည့် တောင်သူများမှာ အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိပြီး ရွှေဘိုဈေးကွက်သို့ နွေနှမ်းများဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

### ၁.၇.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၇၂၀၀ | ၂၀၀၀၀ | ၆၄၅၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၂၆၀၀၀ | ၃၆၀၀၀ | ၂၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၄၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၃၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၁၀၀ | ၁၇၀၀၀ | ၆၁၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၄၀၀၀ | | ၆၈၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၆၅၀၀ | ၆၄၀၀ | ၁၅၀၀၀ | ၂၇၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၅၀၀ | ၁၁၅၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၅၇၈၅ | ၁၀၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၇၀၀၀ | ၃၃၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၈၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၃၀၀ | ၃၀၀၀ | ၆၁၀၀ | ၁၅၀၀၀ | ၆၆၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၅၈၀၀ | ၈၀၀ | ၇၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၃၂၀၀ | | ၅၉၀၀ | ၁၆၀၀၀ | ၆၂၃၅ | ၁၁၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၄၀၀ | ၆၂၀၀ | ၆၀၀၀ | ၃၈၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၄ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၃၅၀၀ | ၆၃၀၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၇၅၀ | ၈၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၉၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မကွေး | ၃၃၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၆၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၉၀၀ | ၈၅၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၂၀၀ | ၄၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၀၀၀ | | ၆၂၅၀ | ၁၅၄၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၂၄၀၀ | ၁၃၄၀၀ | ၇၀၀၀ | ၈၂၀၀ | ၅၀၀ | ၇၈၀၀ | ၆၄၀၀ | ၆၂၀၀ | ၃၄၀၀ | ၅၂၀၀ | ၁၄၂၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၉ | နေပြည်တော် | ၃၀၀၀ | | ၆၂၅၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၂၄၀၀ | ၂၆၀၀ | ၁၃၀၀၀ | ၁၃၈၀၀ | ၇၂၀၀ | ၉၀၀၀ | ၅၀၀ | ၈၀၀၀ | ၆၄၀၀ | ၆၅၀၀ | ၃၆၀၀ | ၅၄၀၀ | ၁၄၆၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၀ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၁၃၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တို့တွင် တရားမဝင် Online လောင်းကစား လုပ်ကိုင်သူ မြန်မာနိုင်ငံသား ၁၂ ဦးနှင့် တရုတ်နိုင်ငံသား ၂၉၅ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၇ ရက် နံနက် ၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက် ၆၁ လမ်းနှင့် ၆၂ လမ်းကြား၊ ၁၁၇ လမ်းရှိ ကိုထင်ရှမ်း၏နေအိမ်တွင် တရားမဝင် Online လောင်းကစား လုပ်ကိုင်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့သည်။

**ဖမ်းဆီးရမိ**

ထိုသို့ဝင်ရောက်ရှာဖွေရာတွင် နေအိမ်အပေါ်ဆုံးထပ်ရှိ ဧည့်ခန်းအတွင်း၌ Online လောင်းကစားပြုလုပ်ရန်အတွက် အငှားထားသော အိမ်ပိုင်ရှင်ဖြစ်သူ ထင်ရှမ်း(၃၂)နှစ် (ဘ) ဦးအောင်နိုင်နှင့် တရားမဝင် Online လောင်းကစားလုပ်ငန်း လုပ်ကိုင်နေသူများဖြစ်ကြသည့် ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ရပ်ကွက်နေ မန်နေဂျာ ရန်ဝင်းမြင့်(ခ) ကျန်ဝမ်ရီ(၂၁)နှစ် (ဘ)ဦးကျော်ဝင်း၊ လောက်ကိုင်မြို့နယ် ကျုံးရှန်ကျေးရွာနေ ကြီးကြပ်လုပ်ကိုင်သူ လော်ကျင်းကျွမ်(၂၆)နှစ်(ဘ) ဦးလော်ဆုရောင်းနှင့် လောင်းကစားဂိမ်းဝန်ထမ်းများဖြစ်ကြသည့် တာမိုးညဲမြို့ အမှတ်(၄)ရပ်ကွက်နေ ဇင်မာထွေး (ခ)ရင်ရုံ(၁၉)နှစ် (ဘ)ဦးမကျင် အမ်းပါ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးရှစ်ဦး စုစုပေါင်း အိမ်ရှင်တစ်ဦးအပါအဝင် တရားခံ ၁၂ ဦးတို့ကို တရားမဝင် Online လောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် Laptop မျိုးစုံ ခြောက်လုံး၊ လက်ကိုင်ဖုန်းမျိုးစုံ ၆၃ လုံး၊ မြန်မာငွေစက္ကူ သိန်း ၁၁၀၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ခြောက်ခု၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။





ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်၌ တရားမဝင် Online လောင်းကစားလုပ်ကိုင်နေသူများအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။



တာချီလိတ်မြို့နယ် ပါဆတ်ရပ်ကွက်၌ တရားမဝင် Online လောင်းကစားလုပ်ကိုင်နေသူ အထောက်အထားမဲ့ရောက်ရှိနေသည့် တရုတ်နိုင်ငံသားများအား ဖမ်းဆီးရမိမှု။

**သတင်းအရဝင်ရောက်ရှာဖွေ**

အလားတူ ဇွန် ၂၈ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပါဆတ်ရပ်ကွက် လွန်းကျိုင်းလမ်း အိမ်အမှတ်(မ-၃/၂၃၂) တွင် တရုတ်နိုင်ငံသားများ ခိုအောင်းနေထိုင်ပြီး တရားမဝင် Online လောင်းကစားများ လုပ်ကိုင်လျက်ရှိကြောင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်း အထောက်အထား တစ်စုံတစ်ရာမပါရှိဘဲ တရားမဝင် ရောက်ရှိနေသည့် တရုတ်နိုင်ငံသား အမျိုးသား ၂၈၈ ဦး၊ အမျိုးသမီးခုနစ်ဦး စုစုပေါင်း၂၉၅ ဦးတို့အား Online လောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းမျိုးစုံ အလုံး ၉၀၀၊ အခြား ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်များတွင် ဖမ်းဆီးရမိထားသည့် တရားမဝင် Online လောင်းကစားလုပ်ကိုင်သူ မြန်မာနိုင်ငံသား ၁၂ ဦးနှင့် တရုတ်နိုင်ငံသား၂၉၅ ဦးတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လိုအပ်သောစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



တာချီလိတ်မြို့နယ် ပါဆတ်ရပ်ကွက်၌ တရားမဝင် Online လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် သက်သေခံလက်ကိုင်ဖုန်းများကို သိမ်းဆည်းရမိမှု။



တာချီလိတ်မြို့နယ် ပါဆတ်ရပ်ကွက်၌ အထောက်အထားမဲ့ရောက်ရှိနေသည့် တရုတ်နိုင်ငံသားများ တရားမဝင် Online လောင်းကစားလုပ်ကိုင်သည့်နေရာ။

# စစ်မှုထမ်းဆောင်ရန် မန္တလေးမြို့ရှိ ရပ်ကွက်တစ်ခုလျှင် လူ ၃၀ တောင်းခံနေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင် စစ်မှုထမ်းဆောင်ရန်အတွက် ရပ်ကွက်တစ်ခုလျှင် လူ ၃၀ တောင်းခံနေကြောင်း မှန်ကန်မှုမရှိသည့် သတင်းတု၊ သတင်းအမှားများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန် တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍သက်ဆိုင်ရာမြို့နယ် စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မန္တလေးမြို့ရှိ ရပ်ကွက်တစ်ခုလျှင် လူ ၃၀ တောင်းခံသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်ပြီး တာဝန်ရှိသူများအနေဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့် ဥပဒေများအတိုင်းသာ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပြည်သူ့စစ်မှုထမ်း ဥပဒေစတင်အာဏာတည်သည့်နေ့မှစ၍ တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက လူမှုကွန်ရက်တွင် မဟုတ်မမှန် လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ ကြောက်ရွံ့ ထိတ်လန့်စေရန် လှုံ့ဆော် ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ဥပဒေဘောင်
အတွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
စိတ်ချမ်းသာ

# အသက်မွေးဝမ်းကျောင်းအတတ်ပညာရပ်ဖြစ်သော သူနာပြုပညာရပ်ကို မွန်မြတ်သောလုပ်ငန်းအဖြစ် ရေရှည်အောင်မြင်စေရန် အလေးထားဆောင်ရွက်

**ထားဝယ် ဇူလိုင် ၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်သူနာပြုသင်တန်းကျောင်း၊ အပတ်စဉ် (၃၁) ဂျူတီကုတ်နှင့်ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ထားဝယ်မြို့ ထားဝယ်သူနာပြုသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက နိုင်ငံတော်က အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် အဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်ရာတွင် ပြည်သူများအားထားရသည့် အရည်အချင်းရှိသော ဘက်စုံတော်သည့် သူနာပြုကောင်းများ လေ့ကျင့်မွေးထုတ်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အသက်မွေးဝမ်းကျောင်းအတတ်ပညာရပ်ဖြစ်သော သူနာပြုပညာရပ်ကို မွန်မြတ်သောလုပ်ငန်းအဖြစ် ရေရှည်အောင်မြင်စေရန်အတွက် အထူးအလေးထားကြိုးစားဆောင်ရွက်ကြပါရန်နှင့် ဖလော့ရင့်နိုက်တင်ဂေးကဲ့သို့ သူနာပြုများစွာပေါ်ထွန်းလာပါစေကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကုသရေး/ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ခေတ္တတိုင်းဦးစီးမှူး)ထားဝယ်သူနာပြုသင်တန်းကျောင်း (စီမံဥက္ကဋ္ဌ) ဒေါက်တာမိုးဇော်က အမှာစကားပြောကြားပြီး ထားဝယ်သူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်သင်းသင်းလှိုင် က(Coating and Capping )နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက အပတ်စဉ် (၃၁) သင်တန်းသား သင်တန်းသူ ၆၈ ဦးအား ဂျူတီကုတ်အင်္ကျီနှင့် ဦးဆောင်းအပ်နှင်းသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီး၊ ကျောင်းအုပ် (စီမံ) နှင့် ကျောင်းအုပ်(သင်ကြား) တို့ထံမှ လက်ဆင့်ကမ်း ဆီမီးတိုင်များကို ထွန်းညှိ၍ သူနာပြုသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က (ပထမ၊ ဒုတိယ၊ တတိယ)ပညာရည်ချွန်ဆုရရှိသူများကို ဆုချီးမြှင့်ကာ ထားဝယ်သူနာပြုသင်တန်းကျောင်းအတွက် ထောက်ပံ့ငွေကျပ် သိန်း ၅၀ ကို ပေးအပ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၆) ရက် ( စနေနေ့ )

International Day of Cooperatives

Cooperatives Build a Better Future for All

6th july 2024

International Co-operative Alliance

" Cooperatives Build a Better Future for All "

"အနာဂတ်ဘဝ ပိုမိုကောင်းမွန်ရေး သမဝါယမက ဆောင်ရွက်ပေး"


**နှစ် ၂၀ တစ်ဝိုက်**
**အချိန်ကိုက်**
**တို့စိုက်ခဲ့လျှင်**
**အကောင်းဆုံးပင်**
**အခုချိန်စိုက်**
**နောက်မကျ**
**ဒုတိယအကြိမ်**
**အကောင်းဆုံးပ**



ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် အမှတ်( ၉၈) စက်မှုလယ်ယာစခန်း၊ စက်မှုလယ်ယာဦးစီးဌာနက ဒေသခံတောင်သူများ စိုက်ပျိုးချိန်တွင် လုပ်သားရှားပါးမှု အခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် ဇူလိုင် ၁ ရက်က နတ်စဉ်ကုန်းကျေးရွာ၌ တောင်သူဦးအောင်မင်း၏ ကွင်းအမှတ်( ၃၃၃)၊ လယ်ယာမြေနှစ်ဧကတွင် 10-Rows Seeder (မျိုးစေ့ချစက်)ဖြင့် တောင်သူများအား မိုးစပါးစိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြစဉ်။ ခင်ခင်မာ (ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် ထိပ်တန်းရောင်းဝယ်ရေး သမဝါယမအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၃၀ ရက်က မဟာသိပ္ပံကျောင်းတိုက်၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် အသင်းသားများ တက်ရောက်ကာ အသင်းသား ၃၆၃ ဦးအား တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ ဖြင့် အစုပေါ်အမြတ် ငွေကျပ် ၂၁၇၈၀၀၀၀ ပေးအပ်ပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်စိုးက အမှာစကားပြောကြားစဉ်။ အာကာလင်း





ချောက်မြို့နယ်အတွင်းရှိ ပြည်သူများအခြေခံစားသောက်ကုန်များကို ဈေးနှုန်းတည်ငြိမ်စွာ ဝယ်ယူစားသုံးနိုင်ရေး၊ သင့်တင့်မျှတသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်များအတွင်း မြို့နယ်ဆန်ကုန်သည်များအသင်းက ဧည့်မထ တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဆန်များရောင်းချပေးနေမှုကို မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်၍ တာဝန်ရှိသူများ ဇူလိုင် ၁ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ မြတ်မြတ်မိုး (ချောက်)


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


## ယနေ့ဈေးကွက်ပေါက်ဈေးများ ၁ - ၇ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၆၅ ကျပ် | ၂၅၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၉၅ ကျပ် | ၂၉၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၅၅ ကျပ် | ၂၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၉၀ ကျပ် | ၂၈၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၃၃၂ | ၂၉၈၈၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၅၀ | ၅၆၇ | ၁၈၈၅၁၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၁၂၉ | ၂၂၅၇၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၉၀၀ | ၁၉၀၀ | ၅၈၂ | ၁၁၀၈၂၅၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၃၄၀၀ | ၃၄၀၀ | ၁၂၆၇ | ၄၃၀၇၈၀၀ |

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

**(၆၄) ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် ဇူလိုင်လ (၁) ရက်နေ့**

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

**အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု**

ဃ - ၇၇၆၂၉၈

ကံထူးရှင်(၁)ဦး

**အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု**

ဂ - ၉၁၁၃၉၀

ကံထူးရှင်(၁)ဦး

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု**

ခ - ၅၁၅၀၇၉

ကံထူးရှင်(၁)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ**

| | |
|---|---|
| ဂ - ၃၇၄၈၃၂ | ဃ - ၆၇၄၁၇၈ |
| င - ၄၀၂၈၂၄ | စ - ၉၅၀၆၉၆ |
| ဂ - ၅၉၄၇၇၉ | |

ကံထူးရှင်(၅)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ**

| | |
|---|---|
| က - ၁၅၅၃၉၀ | ဆ - ၄၂၂၆၂၈ |
| စ - ၄၁၄၀၂၄ | ဇ - ၆၂၄၉၉၅ |
| က - ၄၁၆၇၃၃ | က - ၉၀၁၂၇၅ |

ကံထူးရှင်(၆)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ**

| | | |
|---|---|---|
| ဆ - ၁၃၃၉၅၆ | ဆ - ၄၄၄၈၅၇ | ဈ - ၈၈၈၁၀၄ |
| ဃ - ၁၇၇၈၈၀ | က - ၄၄၆၈၄၂ | က - ၉၂၆၅၃၈ |
| ဇ - ၂၄၈၃၇၂ | ခ - ၆၄၇၆၉၆ | င - ၉၈၈၅၈၅ |
| င - ၂၇၁၃၈၄ | | |

ကံထူးရှင်(၁၀)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ**

| | |
|---|---|
| စ - ၁၀၇၅၁၀ | ခ - ၆၀၀၂၄၈ |
| ခ - ၃၁၆၂၂၃ | ဃ - ၇၁၄၃၄၃ |
| ဃ - ၃၄၁၈၇၃ | ဂ - ၇၃၆၇၈၄ |
| ဈ - ၄၀၈၆၂၇ | ခ - ၇၇၈၁၉၅ |
| ဆ - ၅၁၁၁၄၆ | ဂ - ၇၉၇၇၀၄ |
| ဃ - ၅၆၈၁၂၂ | ဈ - ၉၂၈၂၀၈ |
| ဆ - ၅၇၇၂၃၅ | |

ကံထူးရှင်(၁၃)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ**

| | | |
|---|---|---|
| ဂ - ၁၅၉၀၅၁ | စ - ၅၄၃၈၃၄ | ဃ- ၇၈၉၄၂၇ |
| က- ၁၉၅၁၀၂ | ခ - ၅၉၁၁၅၁ | ဈ - ၈၃၁၃၇၄ |
| ဆ- ၂၁၁၈၄၇ | င - ၆၁၀၈၆၉ | ဈ - ၉၀၈၁၈၉ |
| ဂ - ၂၉၇၈၅၀ | ဈ - ၆၂၄၅၇၈ | စ - ၉၂၂၅၉၅ |
| ဆ- ၄၂၄၁၆၅ | ဆ- ၇၁၅၉၇၅ | ခ - ၉၉၄၇၆၈ |
| ဈ - ၄၈၁၂၀၆ | | |

ကံထူးရှင်(၁၆)ဦး

**ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ**

| | |
|---|---|
| က- ၁၉၆၁၀၃ | ဂ - ၅၂၉၅၅၃ |
| င - ၂၆၇၁၇၁ | ဂ - ၅၇၆၇၉၄ |
| င - ၃၀၄၀၈၀ | ဂ - ၆၃၃၃၁၇ |
| ခ - ၃၃၈၂၀၅ | က - ၆၄၃၂၄၇ |
| ဇ - ၄၄၉၂၀၃ | ဃ - ၇၉၁၄၁၃ |
| က- ၄၆၃၈၅၄ | စ - ၇၉၉၉၁၀ |
| စ - ၄၉၅၆၅၁ | ဂ - ၈၂၈၆၄၈ |

ကံထူးရှင်(၁၄)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်**

က - ၂၁၈၅၈

က - ၄၇၁၄၅

က - ၃၀၅၄၂

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်**

င - ၂၄၂၈

စ - ၃၇၃၀

ဆ - ၅၅၆၀

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၂၃)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၈)ယူနစ်**

| | | |
|---|---|---|
| စ - ၁၈၀ | က - ၆၄၃ | ခ - ၇၅၅ |
| ဃ - ၂၆၂ | င - ၇၀၃ | က - ၈၄၂ |
| စ - ၄၈၅ | ဂ - ၇၂၉ | |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၅၉၇၇)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၃)ယူနစ်**

ဈ - ၄၂ ဃ - ၅၁ ဂ - ၈၃

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၂၂၅၇၅)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်**

ဃ - ၃

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၇၄၉၇၅)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

**ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ**

| | |
|---|---|
| ဃ - ၃၀၇၁၁၂ | ဂ - ၄၃၉၈၅၂ |
| က - ၃၄၂၆၁၄ | ဃ - ၉၆၄၂၅၂ |

ကံထူးရှင်(၄)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်**

င - ၅၈၀၁၁ င - ၈၈၅၉၃

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်**

ဈ - ၁၉၇၇ ဆ - ၄၉၀၄

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်**

ဂ - ၃၇၃ င - ၅၇၇

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၅၅၀)ဦး

၁။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် ကျင်းပသည့် (၆၄)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ(၁၀၅၆၂၁)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင်(၁၀၅၆၂၁)ဦး ဖြစ်ပါသည်။

၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၆၅)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၉)လုံးဖြစ်ပြီး ၎င်းအနက်မှ ၇၅% ဖြစ်သော ထီလက်မှတ်အုပ်ရေ (၅၅၂၇၆)အုပ်ဖြစ်ပါသည်။

၄။ (၆၄)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၂-၇-၂၀၂၄ )ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို( ၁၂-၇-၂၀၂၄ ) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း၊မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း၊မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၅ / ၂၀၂၄-၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော် / ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-034(24-25)CAP (Second Retender) | Spare Parts for D 85 ESS-2 Komatsu Dozer (53) Items | Ks |
| (၂) | DMP/L-143(24-25) (Second Retender) | Electrical Materials for Mann Oil Field (3) Groups | ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၁-၇-၂၀၂၄** ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၁၅-၇-၂၀၂၄** ရက် (၁၃:၀၀)နာရီ တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၂၀၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ ချင်းတွင်းအနောက်ရပ်၊ မြေကွက်အမှတ်(ပ-၂၃၄၀၈)၊ ဧရိယာ(၀.၁၁၀)ဧကကို အမည်ပေါက် ဦးခင်မောင်စိန်(တရားရှုံး)ကိုယ်စားပုဗ္ဗသီရိမြို့နယ် တရားရုံး၏ ဘီလစ်စာရေးဖြစ်သူ ဦးကျော်ဆန်းဦး(ဘ)ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄ မှ ဦးအောင်နိုင်အုန်း(ဘ)ဦးအုန်းရွှေ ၅/ခဥန(နိုင်)၀၅၃၆၀၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ထုတ်ယူခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၅၉/၂၀၂၃၊ တရားမဇာရီမှုအမှတ် ၄၈/၂၀၂၃ တို့ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(ဇ-၂၃၁၁)၊ ဧရိယာ(၀ဒသမ၅၆၄)ဧကရှိ ဒေါ်နှင်းနှင်းမြင့်နိုင် (ဘ)ဦးအောင်နိုင် ၉/မမန(နိုင်) ၀၀၀၈၄၀ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်အေးမြတ်စိုး (ဘ)ဦးခင်မောင်စိုး ၁၂/ကမရ(နိုင်) ၀၂၇၆၇၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ်(စ-၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၃၁)၊ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်မီမီနိုင် ၁၂/ဒဂန(နိုင်)၀၁၉၂၁၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်၊ RA-VI/ ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၁၃-က)၊ မြေဧရိယာ(၀ဒသမ၅၀)ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ယဉ်ယဉ်တင့် ၉/မမန(နိုင်) ၀၂၉၂၆၆၊ ဒေါ်ယဉ်ယဉ်မြင့် ၉/မမန(နိုင်) ၀၃၀၃၈၃ နှင့်ဒေါ်မြင့်ဝေ ၉/မမန(နိုင်) ၀၄၉၀၁၈တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

## လုပ်ငန်းအကျိုးတူးပူးပေါင်းဆောင်ရွက်ခြင်းကတိစာချုပ်ကို ဖျက်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

**ဦးစုလှိုင်၊ အောင်မြေစေတနာကုမ္ပဏီ**
**အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း**
**မှတ်ပုံတင်အမှတ် ၁၁/မအန(နိုင်)၀၄၂၁၂၇**
**အမှတ် (၁-အေ/၂)၊ မြင်သာ (၁၁)လမ်း၊ မြသီတာအိမ်ရာ၊ (၁၄/၁)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**

လူကြီးမင်းနှင့် ဦးစိုးဝင်း ၁၂/ဗဟန(နိုင်)၀၀၃၁၈၆ တို့နှစ်ဦးသဘောတူချုပ်ဆိုထားသည့် (၂၃-၁၂-၂၀၂၃) ရက်စွဲပါ လုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်း ကတိစာချုပ်အပိုဒ်(၉)ပါ Bank Locker ကိစ္စနှင့်ပတ်သက်၍ လူကြီးမင်းဘက်မှ ပျက်ကွက်နေသဖြင့် ကျွန်ုပ်တို့ဘက်မှ (၁၈-၆-၂၀၂၄)ပါ ရက်စွဲဖြင့် နို့တစ်စာပေးပို့ပြီး အဖိုးတန်စာရွက်စာတမ်းများအားလုံးကို (၃၀-၆-၂၀၂၄)ရက်တွင် ပြန်လည်၍လက်ရောက်ပေးအပ်ရန် ကျွန်ုပ်၏ရှေ့နေဖြင့် နို့တစ်စာရေးထုတ်ခဲ့ရပါသည်။ နို့တစ်စာကို လက်ခံရရှိသော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် လူကြီးမင်းနှင့်ချုပ်ဆိုထားသောစာချုပ်ပါ စာမျက်နှာ(၅)မှ (၁၆)အထိ ပစ္စည်းစာရင်းများအားလုံး၏ စာရွက်စာတမ်းမူရင်းများကို (၇-၇-၂၀၂၄)ရက်တွင် နောက်ဆုံးထားပြီး လက်ရောက်ပေးအပ်ရန် တောင်းဆိုလိုက်ပါသည်။ လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ပါသည်။

**ဦးစိုးဝင်း**
**၁၂/ဗဟန(နိုင်)၀၀၃၁၈၆**
**အမှတ်(၂၃၇)၊ စံပြ(၃)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၈၄၂၂၃၈၃၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆သယ/၆၄၄၇၇, Suzuki Smash 112 M/C ယာဉ်လက် ဝယ်ရှိသူ ဒေါ်လဲ့လဲ့ခိုင် ၈/မတန(နိုင်) ၀၄၉၄၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁ယ/၉၃၈၂၂, New Zhineng 110 ယာဉ်လက်ဝယ်ရှိသူ ဦးအေးစိုး ၁၄/မအပ(နိုင်) ၁၅၆၅၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်၊ ဩဂုတ်လအတွက် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ(High Speed Diesel)၊ပရီမီယံ ဒီဇယ်ဆီ (Premium High Speed Diesel)၊ ဓာတ်ဆီ (Octane-92)တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၁၈-၇-၂၀၂၄ ရက် မွန်းလွဲ ၁နာရီ နောက်ဆုံးထား တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရား အနောက်ဖက်၊ ကွန်ကရစ်လမ်း၊ Tool Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် (၃-၇-၂၀၂၄)ရက်မှစ၍ (၁၆-၇-၂၀၂၄)ရက်ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၃၀ နှင့် ၀၁-၈၆၁၀၂၃၂တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အထက(ခွဲ) ပုဂံကျောင်း Grade-9 မှ မောင်အောင်မြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးမင်းထိုက် ၇/ဝမန(နိုင်)၁၂၁၂၉၉ ဖြစ်ပါကြောင်း။ **ဦးမင်းထိုက်**

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အထက(ခွဲ) ပုဂံကျောင်း Grade-9 မှ မောင်ကောင်းခန့်သော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဦး ၇/ဝမန(နိုင်)၁၀၄၆၂၉ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်ဦး**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရလပ-၂၃)၊ မြေကွက်အမှတ်(၉၅၀)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ [ယခုအခေါ်အမှတ်(၉၅၀)၊ ခရေ(၈)လမ်း(ကျောင်းလမ်း)၊ (၂၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်] ဟုခေါ်တွင်သော (၁)ဒေါ်အမြင့် ၁၄/ပသန(နိုင်) ၁၄၉၈၆၇၊ (၂) ဒေါ်စော မြတ်သစ္စာ ၁၂/ဗဟန(နိုင်) ၀၀၃၂၀၁ တို့အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်များထံမှ အရပ်ကတိစာချုပ်ဖြင့် ဥပဒေနှင့်အညီ ဝယ်ယူထားပြီး အထူးကိုယ်စားလှယ်လွှဲစာလည်း ရယူထားကာ မိမိသာတရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမောင်ဝင်း ၁၂/လသန(နိုင်) ၀၀၇၆၀၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထက်ပါမြေကွက်နှင့် ပတ်သက်သည့် ပိုင်ဆိုင်မှု အထောက်အထားစာချုပ်/စာရွက်စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ရွှေဇင်အိ(LL.B,D.B.L,D.I.L)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက်၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉- ၄၂၀၀၉၇၀၇၃**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ အင်းဝ(၇)လမ်း၊ မြေကွက်အမှတ်(၉၄၁)၊ မြေပေအကျယ်(၄၀x ၆၀)ပေရှိ ဦးစံညွန့်နှင့် ဦးခင်မောင်တို့အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၉၄၀)နှင့် ကပ်လျက်ဘက်အခြမ်းရှိ (ဂရန်မိတ္တူခြမ်း)မြေပေအကျယ်(၂၀x၆၀)ပေ၊ စတုရန်းပေ(၁၂၀၀)ရှိ မြေ ကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်(၂)ထပ်လုံးချင်းနေအိမ်ကို ဒေါ်သန္တာကြိုင် ၁၂/မဂတ(နိုင်) ၀၁၆၄၂၅နှင့် ဦးစိန်ဟန် ၁၂/ဥကတ (ပြု) ၀၀၀၇၃၇ တို့ထံမှ ဒေါ်ခင်သူဇာထွေး ၁၂/သဃက(နိုင်) ၀၀၃၃၂၁က ဝယ်ယူရန် (၆-၆-၂၀၂၄) ရက်တွင် ချုပ်ဆိုထားသောနှစ်ဦးသဘောတူအိမ်ခြံမြေအရောင်း အဝယ်စရန်ငွေပေးချေမှုကတိစာချုပ်ကို နှစ်ဦးသဘောတူ ပယ်ဖျက်ပြီးဖြစ် သောကြောင့် အထက်ပါအိမ်ခြံမြေကွက်ကို ဒေါ်သန္တာကြိုင်နှင့် ဦးစိန်ဟန်တို့မှ အခြားမည်သူ့ကိုမဆို ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၆၂၉၊ မြေကွက်တည်နေရာအမှတ်(၆၂၉)၊ ရှင်သိဒ္ဓတ် (၁၀)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးချစ်ဆွေ(၁၂/ဥကတ(နိုင်)၁၂၀၈၇၈)၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဦးချစ်ဆွေ(ဖခင်)နှင့် ဒေါ်အေးမြင့်(မိခင်)တို့ကွယ်လွန်သဖြင့် မွေးဖွားသား/သမီး(၇)ဦးအနက် သားဖြစ်သူ ဦးတင်နိုင်၊ ဦးသန်းထွေး၊ ဦးဇော်မြင့်ဆွေတို့သည်(လူပျိုကြီးဘဝ)ဖြင့်ထပ်မံကွယ်လွန်သဖြင့် ကျန်ရှိသား/သမီးများဖြစ်ကြသော ဒေါ်အေးအေးသန်း ၁၂/ဥကတ(နိုင်)၀၈၉၃၅၉၊ ဦးတင်ထွန်း ၁၂/ဥကတ(နိုင်)၀၄၅၆၈၂၊ ဦးမျိုးမြင့် ၁၂/ဥကတ(နိုင်)၁၀၉၇၈၀၊ ဦးသန်းစိုး ၁၂/ဥကတ(နိုင်)၁၄၆၅၆၄တို့မှ သား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်/ဂရန်၊ နိုင်/ကတ်များ/ သေစာရင်းများ/အိမ်ထောင်စုစာရင်းများ/ဝန်ဆောင်ခတို့တင်ပြ၍ (ပိုင်ဆိုင်အရောင်း)မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှု မရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းရှိ အောက်ဖော်ပြပါ မြေဧရိယာ(၀.၇၅)ဧက၊ မန္တလေးဈေးချိုရှိအရောင်းဆိုင်၊ ဆိုင်ခန်းအမှတ်(A,B,C)နှင့် မန္တလေးဈေးချိုရှိအရောင်းဆိုင်(စတိုခန်း) ဆိုင်ခန်းအမှတ်(၁၁)တို့အားတင်ဒါခေါ်ယူငှားရမ်းသွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) မြေဧရိယာ(၀.၇၅)ဧက | - | အမှတ်(၁၉၇)၊ မဟာဆွေလမ်း၊(၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| (ခ) မန္တလေးဈေးချိုရှိ အရောင်းဆိုင်ခန်း ဆိုင်ခန်းအမှတ်(A,B,C) | - | အမှတ်(၂၄၆)၊ ၂၆x၂၇ လမ်းကြား၊ ငပိတန်းလက်ျာ၊ (၄၉x၃၇x၁၅)ပေ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| (ဂ) မန္တလေးဈေးချိုရှိ အရောင်းဆိုင်ခန်း (စတိုခန်း) | - | ၈၄ လမ်း၊ ၂၆ x၂၇ လမ်းကြား၊ မြောက်ဘက်တိုက်တန်းမြေညီထပ်ရှိ(စတိုခန်း) ဆိုင်ခန်းအမှတ်(၁၁) (၁၂x ၁၇ x ၁၂) ပေ၊ ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်းဒေသကြီး |

၂။ **တင်ဒါပိတ်မည့်ရက်** - ၁၂-၇-၂၀၂၄ရက်(၁၆:၀၀)နာရီ

၃။ **တင်ဒါပေးသွင်းမည့်နေရာ** - ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အုပ်ချုပ်ရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၈၀၇၈၊ ၀၉-၄၅၇၆၈၀၃၅၄ တွင် ရုံးချိန်အတွင်းစုံစမ်းဝယ်ယူနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ရေတာရှည်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ဒဂုံမန်းလမ်း၊ ကွင်းအမှတ်(၅)၊ရွာမရပ်၊ ဦးပိုင်အမှတ်(၁၀၀)၊ ဧရိယာ(၀.၀၆၉)ဧက ရှိသောမြေကွက်နှင့် ထိုမြေပေါ်ရှိ RC (၄)ထပ်တိုက် အဆောက်အအုံမှာ ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဦးအောင်လွင်နှင့် သားဖြစ်သူ မောင်ထွန်းမြင့်ထွန်းတို့ အမည်ပေါက်ပြီး တရားဝင်ပိုင်ဆိုင်လျက်ရှိပါသည်။အဆိုပါ မြေနှင့်(၄)ထပ်တိုက်အဆောက်အအုံအား အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော ဦးအောင်လွင်နှင့် သားဖြစ်သူ မောင်ထွန်းမြင့်ထွန်းတို့မသိရှိဘဲ အရောင်းအဝယ်ပြုခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ အမည်ပေါက်ပြောင်းလဲခြင်းများ မပြုလုပ်ပါရန်နှင့်ထိုသို့ ပြုလုပ်မှုများရှိခဲ့ပါက အမည်ပေါက်ပိုင်ဆိုင်သူကျွန်ုပ်၏ အမှုသည်များအနေဖြင့်ဥပဒေနှင့်အညီတရား စွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်စွာဦး(LLB) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၃၇)**
**နှင်းဆီလမ်း၊ကွင်းမြောက်ရပ်ကွက်၊ကျောက်တံခါးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့(ယခင်ဟောင်လိတ်ကျေးရွာအုပ်စု)၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ မြို့သစ်အပိုင်း(ဈ)ရှိ မြေကွက်(ဈ-၄၄၇)၊ အကျယ်အဝန်း(၆၀x၄၀)ပေ မြေကွက်ကို ပိုင်ရှင်ဖြစ်သူ ကျွန်မ ဒေါ်ချယ်ရီဝင်း ၇/ပခန(နိုင်) ၀၀၄၄၂၆ကမြေကွက်အား ခြံစည်းရိုးကာရံခြင်းနှင့် သက်ဆိုင်ရာရုံးဌာနတွင် အမည်ပေါက်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရုံးဌာနသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ချယ်ရီဝင်း ၇/ပခန(နိုင်)၀၀၄၄၂၆(ဖုန်း-၀၉-၉၈၀၉၀၂၇၈၃)**

## တရားဝင်ဇနီးမယားဖြစ်ကြောင်း အသိပေးကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ (၆)ရပ်ကွက်၊ အမှတ်(၂၄)နေ (ဦးညိုဝင်း)-ဒေါ်မြင့်မြင့်အေးတို့၏သား ဦးအောင်နိုင်ဖြိုး ၉/ပဥလ(နိုင်) ၀၁၄၁၂၁ နှင့် ဦးမောင်မောင်လွင်၊ ဒေါ်စောဥမ္မာတို့ ၏သမီး ကျွန်မ ဒေါ်အေးမြသီတာလွင် ၉/ပဥလ(နိုင်)၀၂၅၇၉၄ သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ (၆-၁၁-၂၀၀၈)ရက်တွင် တရားဝင်လက် ထပ်ထားသော ဇနီးမောင်နှံဖြစ်ပြီး ယနေ့ထိတိုင် တရားဝင်ကွာရှင်းပြတ်စဲခြင်းမ ရှိသေးကြောင်းနှင့် ကျွန်မသာလျှင် တရားဝင်ဇနီးမယားဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဒေါ်အေးမြသီတာလွင်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၃) ဗိုလ်တာရာလမ်း၊ (၈၃)ရပ်ကွက်၊ မြေကွက်အမှတ်(၅၉၁)၊ (၄၀x၆၀)ပေအကျယ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့် ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်သီတာအေး ၁၂/သခန(နိုင်)၀၉၇၉၆၄အမည်ဖြင့်တည်ရှိသော နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်သီတာအေး ၁၂/သခန(နိုင်)၀၉၇၉၆၄၊ ဦးနေလင်း ၁၂/သခန(နိုင်) ၀၀၀၅၇၃ တို့မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဖြိုးဇင်ငြိမ်း ၁၂/မရက(နိုင်)၁၆၀၈၃၇ ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်းတိကျခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်သက်သက်မွန်** | **ဒေါ်ကြည်လပြည်ဝန်း** | **ဒေါ်သွယ်ဇင်အေး** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၀၆၀၅/၂၀၁၅)** | **(စဉ်-၅၁၉၂၄/၂၀၁၉)** | **(စဉ်-၅၄၇၅၂/၂၀၂၂)** |

**တိုက်(၄)၊အခန်း(၃၁)၊ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)**
**မိုင်မီးပွိုင့် အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉ - ၇၉၅၅၃၄၇၅၃ ၊ ၀၉ - ၇၅၀၃၉၈၄၀၆**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ထုတ်လုပ်သည့် ဖြူတိန်း ရေနံဓာတ် ငွေ့ရည်ကို အောက်ဖော်ပြပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် ရေနံနှင့် ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင်(ရေနံဓာတ်ငွေ့ရည်လုပ်ငန်း) Type-A, B, C, D, F လက်ဝယ်ရှိသူများ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းရုံးချုပ်၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်း အမျိုးအမည် | ပမာဏ (တန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|
| | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| ၁ | ဖြူတိန်း | ၁၀၀ | ၁၆-၇-၂၀၂၄ | ၁၂:၀၀ | ၁၆-၇-၂၀၂၄ | ၁၄:၀၀ |
| ၂ | ဖြူတိန်း | ၁၀၀ | ၁၅-၈-၂၀၂၄ | ၁၂:၀၀ | ၁၅-၈-၂၀၂၄ | ၁၄:၀၀ |
| ၃ | ဖြူတိန်း | ၁၀၀ | ၁၇-၉-၂၀၂၄ | ၁၂:၀၀ | ၁၇-၉-၂၀၂၄ | ၁၄:၀၀ |

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၁၀၉၄၊ ၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေရိယာ ၀ဒသမ ၀၅၅ဧကရှိ ဒေါ်ဝါဝါမျိုးခိုင် ၁၂/ကမတ(နိုင်)၀၆၃၁၃၆(ဘ)ဦးမျိုးအောင် အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်စာချုပ် မြေကွက်အမှတ်(ပ-၃၃၃၃၃)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံ တင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၃၉၆/၂၀၂၂(၄-၈-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးနေလင်းထက် ၉/မထလ(နိုင်)၂၂၅၀၂၉ (ဘ)ဦးခင်မောင်အေးမှ ဒေါ်ခင်သိန်းဝင်း ၁၂/ဒဂန(နိုင်) ၀၂၀၄၀၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ အရိန္ဒမာလမ်း၊မြေကွက်အမှတ်(၅၂၆)၊အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိဦးအောင်ဆန်း(CF-၀၄၅၇၁၃) အမည်ပေါက်ပါမစ်မြေကွက်အနက်မှတရားဝင်မခွဲမစိတ်ရသေးသော(မြေကွက်အမှတ်(၅၂၇)နှင့် ကပ်လျက်ရှိသောအခြမ်း)အကျယ်အဝန်း(၂၀ပေ×၆၀ပေ)ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးစန်းမြင့်ဦး ( ၉ / ညဥန (နိုင်) ၁၄၆၈၆၇ ) ထံမှကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေများ ပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်တို့ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)
Ph-09421746974,

ဒေါ်သိမ့်သိမ့်ယမင်း LL.B,
အထက်တန်းရှေ့နေ (စဉ်-၄၀၈၉၄)
09-254332312

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ကြာနီလမ်း၊ မြေကွက်အမှတ်(၈၇၉)ဟုခေါ်တွင်သော ဒေါ်သန်းသန်းစိုး အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန် မူရင်းပါမြေအကျယ်(၄၀ပေ X၆၀ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်နုနုရီ ၇/ဖမန(နိုင်)၀၉၁၆၅၂မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးမြင့်စိုး ၁၂/ဗဟန(နိုင်)၀၁၈၁၃၁၊ ဒေါ်ထက်ထက်ခိုင် ၁၂/တခလ(နိုင်)၀၈၆၉၂၁တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကိုပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ၁၅ရက်ကျော်လွန် သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ**
**ဦးမျိုးမြင့်စိုး၊ ဒေါ်ထက်ထက်ခိုင်**

**ညွှန်ကြားချက်အရ-**
**ဒေါ်ဟန်နီထွန်း(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၆၉)**
**အမှတ် (၃၅/၆၄၀၊ခ)၊ သမိန်ဗရမ်းလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း- ၀၉-၅၀၅၄၁၂၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/30388 ယာဉ်လက်ဝယ်ရှိသူ ဦးဇာနည်ကျော် ၉/ပမန(နိုင်)၁၈၈၇၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ် မြောက်ပိုင်းရပ်ကွက်၊ ဆယ်အိမ်တန်းလမ်း၊ အမှတ်(၂)ဟုခေါ်တွင်သော အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်များအား ဒေါ်သူဇာနွယ် ၁၂/မဂဒ(နိုင်)၁၁၁၂၅၀ က အရှုပ်အရှင်းကင်းစွာဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်ထားပါကြောင်း၊ လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်ကြည် ၇/ကတခ(နိုင်)၀၄၂၈၄၆ က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့် ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခွန်ရဲမာန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၅၁)**
**ဖုန်း-၀၉-၄၃၀၈၉၄၆၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၂၄၈၃၃၊ Honda Alpha 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းထိုက် ၉/ပမန(နိုင်)၁၈၁၇၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/90108, Kenbo-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဦး ၁၄/ပသန(နိုင်)၂၀၆၄၈၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/16305, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာဝင်း ၁၄/မမန(နိုင်)၁၅၄၉၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်
## သာသနာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ဖြင့် ပုံနှိပ်လုပ်ငန်းသုံးစက္ကူ ၅ မျိုး၊ ပုံနှိပ်မင်နှင့်ဆက်စပ်ပစ္စည်း ၃၆ မျိုးဝယ်ယူရန် ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်နေရာ** - ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ၊ သာသနာရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)။ ငွေစာရင်းဌာနစု၊ သာသနာရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်

**တင်ဒါပုံစံရောင်းချမည့် နေ့ရက်/အချိန်** - ၂- ၇ -၂၀၂၄ ရက်မှ ၁၅- ၇ -၂၀၂၄ ရက်အထိ (၀၉:၃၀ အချိန်မှ ၁၆:၀၀ အချိန်အထိ)

**တင်ဒါလျှောက်လွှာ တင်သွင်းရမည့် နေ့ရက်/အချိန်** - ၁၆-၇-၂၀၂၄ ရက်မှ ၁၇- ၇-၂၀၂၄ ရက်အထိ - (၀၉:၃၀ အချိန်မှ ၁၆:၀၀ အချိန်အထိ)

**တင်ဒါဖွင့်မည့် နေ့ရက်/အချိန်** -အကြောင်းကြားဆက်သွယ်ပါမည်။

**တင်ဒါတင်သွင်းမည့်နေရာနှင့် ဖွင့်မည့်နေရာ** -သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များအား အသေးစိတ် သိရှိလိုပါက သာသနာရေးဦးစီးဌာန၊ ရန်ကုန်(ရုံးခွဲ)၊ ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ (ညွှန်ကြားရေးမှူး) (ဖုန်း-၀၁-၆၅၂၁၃၅၊ ၀၁-၆၆၀၈၃၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ် ၂၈/သုမင်္ဂလာ ရပ်၊ ဦးပိုင်အမှတ်(၁၀၃-ခ)၊ မြေရိယာ(၀ဒသမ၀၃၁)ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးမောင်မောင်ရွှေ ပါ(၂)ဦး ၉/မမန(နိုင်) ၀၃၅၂၂၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ် မ-၁၀၊ ဦးပိုင်အမှတ် (၃၁)၊၆၄X၆၅လမ်းကြား၊ ၁၁၀လမ်းရှိ ဦးဝင်းထိုက်၊ ဒေါ်ကြည်ကြည်ခိုင်တို့ နှစ်ဦးအမည်ပေါက် ဂရန်မြေကွက်အား ဦးဝင်းထိုက် ထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၁၃၇၄/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဒေါ်ကြည်ကြည်ခိုင် ၁၃/မနန(နိုင်)၀၁၂၆၂၄က အမှုတွဲအမှတ် (၁၈၆၁/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊(ယခင်ဟောင်းလိတ်ကျေးရွာအုပ်စု)၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ မြို့သစ်အပိုင်း(ဈ)ရှိ မြေကွက်အမှတ်(ဈ/၁၄၂)၊ အကျယ်အဝန်း(၆၀x၄၀)ပေ၊ မြေကွက်ကို ဒေါ်နန်းခမ်းလီး ၁၃/တခလ(နိုင်) ၀၀၀၇၂၁ ထံမှ ကျွန်မ ဒေါ်ဝေဝေသင်း ၁၂/သဃက(နိုင်)၀၂၅၈၁၂က ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့် တကွ အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် ၂၀၁၂ ခုနှစ်တွင် ပေးအပ်ပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အဆိုပါမြေကွက်အား ခြံစည်းရိုးကာရံခြင်းနှင့် သက်ဆိုင်ရာ ရုံးဌာနတွင် အမည်ပေါက်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါရှိ သည့်ရက်မှစ၍ ရက်ပေါင်း ၁၄ရက်အတွင်း သက်ဆိုင်ရာ ရုံးဌာနသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက် နိုင်ပါသည်။

**ဒေါ်ဝေဝေသင်း ၁၂/သဃက(နိုင်) ၀၂၅၈၁၂**
**ဖုန်း-၀၉-၇၉၆၇၁၅၈၈၂**

## ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊(ယခင်ဟောင်းလိတ်ကျေးရွာအုပ်စု)၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ မြို့သစ်အပိုင်း(ဈ)ရှိ မြေကွက်အမှတ်(ဈ/၉၇)၊ အကျယ်အဝန်း(၆၀x၄၀)ပေ၊ မြေကွက်ကို ဒေါ်နန်းခမ်းလီး ၁၃/တခလ(နိုင်) ၀၀၀၇၂၁ထံမှ ကျွန်မ ဒေါ်ဝေဝေသင်း ၁၂/သဃက(နိုင်) ၀၂၅၈၁၂က ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့်တကွ အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် ၂၀၁၂ခုနှစ်တွင် ပေးအပ်ပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အဆိုပါမြေကွက်အား ခြံစည်းရိုးကာရံခြင်းနှင့် သက်ဆိုင်ရာ ရုံးဌာနတွင် အမည်ပေါက်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက် မည်ဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါရှိ သည့်ရက်မှစ၍ ရက်ပေါင်း ၁၄ရက်အတွင်း သက်ဆိုင်ရာ ရုံးဌာနသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက် နိုင်ပါသည်။

**ဒေါ်ဝေဝေသင်း ၁၂/သဃက(နိုင်) ၀၂၅၈၁၂**
**ဖုန်း-၀၉-၇၉၆၇၁၅၈၈၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၄

ဦးကျော်မင်း နှင့် ၁။ ရောဝတီဘဏ်လီမိတက်
၂။ ဦးကျော်လွင်
၃။ ဒေါ်လေးသဥ္ဖာနိုင်
၄။ ဒေါ်လဲ့လဲ့ထွေး
၅။ ဒေါ်လွင်လွင်မော်

(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ်(၅၇၉/၅၈၀)နေ ၂-တရားပြိုင် ဦးကျော်လွင်နှင့် ၃-တရားပြိုင် ဒေါ်လေးသဥ္ဖာနိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ်(၃၃)နေ ၄-တရားပြိုင် ဒေါ် လဲ့လဲ့ထွေး(ယခုနေရပ်လိပ်စာမသိ) သူတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ဒဂုံမြို့သစ်ခရိုင်တရားရုံး၊ တရားမကြီးမှု အမှတ် ၂၁၃/၂၀၂၂ တွင် (၄-၁၁-၂၀၂၂)ရက်စွဲပါ စီရင်ချက်အမိန့်ဒီကရီနှင့် ယင်းဒီကရီကို အတည်ပြုသည့် တရားမဇာရီမှုအမှတ် ၂၅/၂၀၂၃ တို့သည် တရားလိုနှင့် တရားလို ဝယ်ယူလက်ရှိထားပိုင်ဆိုင်သည့် တိုက်ခန်းအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်(၁၃၈၆ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်၊ ပျက်ကွက် ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရ မည်။ သို့မဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရ မည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသီလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ကသာမြို့၊ အမက(၃) ကျောင်း Grade-4 တန်းမှ မောင်စွမ်းဇာနည်ကျော်၏ ဖခင်အမည်မှန်မှာ ဦးလင်းကျော်သူ ၁၂/ကခက(နိုင်)၀၈၆၇၁၁ ဖြစ်ပါကြောင်း။

**ဦးလင်းကျော်သူ**
**၁၂/ကခက(နိုင်)၀၈၆၇၁၁**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၆-၂၀၂၄ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၀)ပါ ကန့်ကွက်နိုင်ပါကြောင်းတွင် ဒဂုံ(မြောက်)မြို့နယ်၊ မြေတိုင်း(၄၅)ဇော်ဂျီလမ်း၊ မြေကွက်အမှတ် (၁၂၀၀)အစား မြေကွက်အမှတ်(၁၂၀၈)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ (အထက) ပန်းတောင်းကျောင်း Grade-11မှ မောင်မျိုးခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းစိုး ၇/ပတန(နိုင်)၀၈၉၄၉၁ ဖြစ်ပါကြောင်း။

**ဦးကျော်ဝင်းစိုး**

## ပတ်စ်ပို့ပျောက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်နေ(ဘ)ဦးပြားမောင်၏သား မောင်အောင်ကျော်မိုး၅/ကလတ(နိုင်)၀၉၀၁၇၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-895258)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၄၂၈၂၉၆

## ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဇဇ-၄၊ ဦးပိုင်အမှတ် (၇)၊၅၆လမ်း၊၁၀၇X၁၀၈လမ်းကြားရှိ ဦးကျော်ငြိမ်း၊ ဒေါ်မြမြဝင်း(ခ)မလွန်နာတို့ အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးကျော်ငြိမ်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၀၈၃/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သူ ဒေါ်လွန်နာ(ခ)ဒေါ်မြမြဝင်း ၉/ပသက(နိုင်)၀၇၀၄၀၄ကအမှုတွဲအမှတ်(၁၈၆၇/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ဦးအလာဘဒီ(ခ)ဦးကျော်ဝင်း ၁၄/ဒဒရ(ဧည့်)၀၀၀၀၃၉ နှင့် ဒေါ်အမီတာဒေဗီ(ခ)ဒေါ်စုစုရီ ၁/မကန(နိုင်)၀၈၂၃၇၅တို့နှင့်အတူ နေထိုင်ခဲ့ဖူးသူဦးသန်းနိုင် ၁၂/ပဘတ(ဧည့်)၀၀၀၇၉၉တို့သည် လွန်ခဲ့သော(၁၅)နှစ် ၎င်းနေအိမ်မှထွက်ခွာသွားသည့်အချိန်မှစတင်ကာ ပတ်သက်ဆက်နွယ်ခြင်းမရှိသည်မှာ ယနေ့အချိန်အထိဖြစ်ပါသည်။ ထို့ကြောင့် ဦးသန်းနိုင်၏ လူမှုရေးပြဿနာ၊ ငွေရေးကြေးရေး အရှုပ်အရှင်းပြဿနာများသည် ကျွန်တော်/ကျွန်မတို့နှင့် တစ်စုံတစ်ရာသက်ဆိုင်ခြင်း မရှိ၍ တာဝန်ယူကာ ဖြေရှင်းပေးရန် တာဝန်မရှိပါကြောင်းနှင့် ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လင်းလက်လေးမောင်(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၈၉၀၄)**
**အခန်း(A-၁၁/၁၂)၊ ပထမထပ်၊ အမှတ်(၅၀)၊ ဘဏ်လမ်း**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-၀၉-၄၄၄၂၅၂၂၀၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉/ရွှေဝါဆန်)၊ တောင်ထိပ်ပန်းလမ်း၊ မြေကွက်အမှတ် (၂၁၄)၊ အကျယ်အဝန်း (၇၈ပေ × ၆၈ပေ)ရှိ ဦးစိုးနိုင် (၁၀/မလမ (နိုင်) ၁၅၁၉၇၀) နှင့် ဒေါ်မာလာလှိုင် (၁၀/မလမ (နိုင်) ၀၈၇၃၅၉)တို့ (၂)ဦး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြနန္ဒီလမ်းနှင့် ကပ်လျက် (၃၀ပေ × ၆၈ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဦးစိုးနိုင် နှင့် ဒေါ်မာလာလှိုင်တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉)၊ လူနေရပ်ကွက်အမှတ်–သုဝဏ္ဏ၊ မြေကွက်အမှတ် (၁/ခ)၊ ဧရိယာ ၃ ဒသမ ၄၀၀ ဧကအကျယ်အဝန်း (၁၄၈၁၀၄) စတုရန်းပေရှိ မြေကွက်နှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို ယုံကြည်စွာလက်ခံရယူသူ ဦးဝင်းမြင့်ဦးနှင့် အဆိုပါ စာရွက်စာတမ်းများကို ဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ အသုံးပြုနေသူများအား အရေးယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ အထက်ပါမြေကွက်နှင့်စပ်လျဉ်း၍ ဦးတုံချန်တာသည် မြေဂရန်အမည်ပေါက် ဦးအောင်မင်း (ဘ) ဦးကျော်အေး ၁၂/သဃက(နိုင်)၁၁၄၃၉၈ ထံမှ ၂၀၁၅ ခုနှစ်ကပင် ကာလတန်ကြေးဖြင့် အရောင်းအဝယ် ကတိစာချုပ်ပြုလုပ်ကာ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ ဝယ်ယူခဲ့ကြောင်းကို ဦးအောင်မင်းကိုယ်တိုင် အထူးကိုယ်စားလှယ်လွှဲစာနှင့် ကျမ်းကျိန်ဆိုလွှာပြုလုပ်ပေးခဲ့ပါသည်။

၂။ အထက်ပါမြေကွက်နှင့်စပ်လျဉ်း၍ မြေကွက်ပေါ်တွင် ကျူးကျော်သူများအား ဖယ်ရှားပေးရန် အတွက် ဦးတုံချန်တာသည် ဦးဝင်းမြင့်ဦးအား မြေကွက်နှင့်ပတ်သက်သော စာရွက်စာတမ်းမူရင်းများကို ယုံကြည်စွာ အပ်နှံခဲ့ပါသည်။

၃။ ဦးဝင်းမြင့်ဦး အနေဖြင့် ဦးတုံချန်တာထံမှ စာရွက်စာတမ်းများကို ရယူပြီးဖြစ်သော်လည်း ၄င်းကတိအတိုင်း ဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် ရယူထားသော စာရွက်စာတမ်းများကို ပြန်လည်ပေးအပ်ခြင်းမရှိဘဲ ရှောင်တိမ်းသွားခဲ့ပါသည်။

၄။ သို့ပါ၍ အချင်းဖြစ်မြေကွက်နှင့်စပ်လျဉ်းသော စာရွက်စာတမ်းမူရင်းများကို မည်သူမျှ လက်ရှိထားခွင့်၊ အသုံးပြုခွင့်မရှိပါကြောင်းနှင့် လက်ရှိထားသူ၊ အသုံးပြုသူ မည်သူ့ကိုမဆို တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ– | လွှဲအပ်ညွှန်ကြားချက်အရ– | |
|---|---|---|
| ဦးတုံချန်တာ(ခ)ဦးချမ်းသာ | ဒေါ်နွယ်နွယ်လှိုင်(LL.B) | ဦးဇော်မင်းထွဋ် (LL.B) |
| ၁၃/လရန (နိုင်)၀၈၃၄၆၇ | အထက်တန်းရှေ့နေ (စဉ်–၅၆၃၀၀/၂၃–၂–၂၀၂၄) | တရားလွှတ်တော်ရှေ့နေ |
| | အမှတ်ခ/၁၈ ၊ခတ္တာလမ်း၊ဆိပ်ကြီးအရှေ့ရပ်ကွက် | (စဉ်–၁၈၉၈၈/၂၂–၁၂–၂၀၂၃) |
| | ဆိပ်ကြီးခနောင်တိုမြို့နယ် | အမှတ်(၇၄)၊ ရွှေတောင်တန်းလမ်း၊ |
| | ဖုန်း–၀၉–၉၆၉၃၆၆၄၃၂ | (၇)ရပ်ကွက်၊ လမ်းမတော်မြို့နယ် |
| | | ဖုန်း–၀၉–၇၉၆၇၃၇၁၁၄ |

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၃)၊ ကွင်း/အကွက်အမှတ်(၃/ ချောင်းရိုးရပ်) ဦးပိုင်အမှတ် ( ၈ )၊ မြေဧရိယာ ၀ ဒသမ ၃၀၀ ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးမက်ဆန် (ခ) ဦးမောင်ကို ၉/မမန(နိုင်)၀၂၂၅၅၀၊ ဒေါ်စန်းစန်းဝင်း ၉/မမန (နိုင်) ၀၈၀၈၉၆နှင့် ဒေါ်ဝိုင်းဝိုင်းဝင်း ၉ /ပဥလ (နိုင်)၀၂၁၁၀၁တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

